# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကို အကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်၊ တနင်္လာနေ့။ Monday, 1 December 2025 ၁၂၀၁၈


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၄) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြား

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (၁၄) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၄) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား ကြည့်ရှုအားပေးစဉ်။

အဆိုပါအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ အမှုဆောင်အဖွဲ့ဝင်များ၊ ညီနောင်အသင်းအဖွဲ့များ၊ နိုင်ငံတကာသံတမန်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အသင်းသူ အသင်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ကုန်သည် စက်မှုအသင်းချုပ်၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးတွင် အသင်းသားများနှင့် စုံလင်စွာ တွေ့ဆုံခွင့်ရသည့်အတွက်


စာမျက်နှာ ၃ ကော်လံ ၁ သို့ ★


## ယနေ့ ဖတ်စရာ


ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့် သတ်မှတ် စာမျက်နှာ » ၇

ထိပ်ဆုံးအသင်းမှာ ရပ်တည်နိုင်ဖို့ ဘယ်အသင်းကိုမှ လျှော့ပြီး ကစားလို့မရတဲ့အတွက် အကောင်းဆုံး စွမ်းဆောင်ရည်နဲ့ ကြိုးစားသွားဖို့ ပြင်ဆင်ထားပါတယ် စာမျက်နှာ » ၈

အနေဝေးသော်လည်း သွေးချင်းနီးသည့် မိတ်ကောင်း ဆွေကောင်း နိုင်ငံကောင်း ဆောင်းပါး စာမျက်နှာ » ၁၀

တိုးတက်ကာကွယ်၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါ အန္တရာယ် ဆောင်းပါး စာမျက်နှာ » ၁၆

ကြေးမုံ

# စေတနာမှန်သောကံတရား အားလုံးပါဝင်မျှဝေယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E Mr. Aleksandr Lukashenko တို့ မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်ကို နိုဝင်ဘာ ၂၈ ရက်နေ့က ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါကြေညာချက်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးက မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဖြစ်ပေါ်တိုးတက်နေသော ပကတိအရှိတရားကို ပွင့်ပွင့်လင်းလင်း ပြောကြားခဲ့သည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးက "ကျွန်တော့်အနေနဲ့ ထပ်မံပြောကြားလိုတာကတော့ ကျွန်တော့်ရဲ့ နိုင်ငံရေးသက်တမ်းတစ်လျှောက်မှာ အဆွေတော်ဦးဆောင်တဲ့ အစိုးရအဖွဲ့လိုမျိုး မိမိနိုင်ငံနဲ့ မိမိပြည်သူ ပြည်သားတွေအတွက် နေ့စဉ်နေ့တိုင်း အားသွန်ခွန်စိုက် အလုပ်လုပ်တဲ့ အစိုးရနဲ့ နိုင်ငံ့ခေါင်းဆောင်မျိုး မတွေ့ဖူးပါဘူး။ တော်တော်လေးကို ရှားရှားပါးပါး တွေ့ဖူးတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း နှစ်နိုင်ငံ ပြည်သူ ပြည်သားအားလုံး အကျိုးအမြတ်ရစေဖို့၊ နှစ်နိုင်ငံ ပြည်သူ ပြည်သားတွေအားလုံး စိတ်ချမ်းသာစေဖို့၊ ပူးပေါင်းဆောင်ရွက်ဖို့အတွက် ဘယ်လာရုစ်နိုင်ငံအနေနဲ့ အဆင်သင့်ရှိကြောင်း ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံကနေပြီးတော့ Specialist တွေ ဘယ်လာရုစ်နိုင်ငံကိုလာခဲ့ပါ။ ဖိတ်ခေါ်ပါတယ်။ မြန်မာနိုင်ငံအတွက် ဘာတွေလိုအပ်နေတယ်ဆိုတာကိုလည်းဆွေးနွေးပါ။ ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံအနေနဲ့ အမြဲတမ်းကူညီသွားဖို့ အဆင်သင့်ရှိပါတယ်"ဟု ပွင့်ပွင့်လင်းလင်း ပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခေါင်းဆောင်သည့် အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့သည့် ငါးနှစ်တာကာလအတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးစသည့် ကဏ္ဍပေါင်းစုံအဘက်ဘက်တို့တွင် တိုးတက်ကောင်းမွန်လာစေရန် စွမ်းအားရှိသမျှ ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းအားထုတ်ခဲ့သည်ကို လက်တွေ့မြင်တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်၌ တည့်မတ်မှန်ကန်စွာ လျှောက်လှမ်းနိုင်ရေးအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့ရာတွင် တစ်ကမ္ဘာလုံးကြုံတွေ့ခဲ့ရသည့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးမှ ကျော်ဖြတ်နိုင်ရေး၊ အဖျက်အမှောင့် အတိုက်အခိုက်အမျိုးမျိုး ရင်ဆိုင်ကျော်လွှားနိုင်ရေးတို့ကို ဆောင်ရွက်ရင်း တစ်ဖက်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်နိုင်သည့် စွမ်းပကားများကြောင့် နိုင်ငံတကာက အသိအမှတ်ပြုလာခြင်းပင်ဖြစ်သည်။

အထူးသဖြင့် ဒီမိုကရေစီနိုင်ငံတော်အတွက် အထူးအရေးကြီးသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ငြိမ်းချမ်းရေးရရှိရေးတို့ကို တည်ကြည်လေးနက်ဖြောင့်ဖြောင့်မှန်မှန် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ပြည်သူတစ်ရပ်လုံးလိုလားသည့် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီစနစ်ကို တက်လှမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်မှုများကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် နားလည်လက်ခံ အသိအမှတ်ပြုမှုများရှိခဲ့သောကြောင့် နိုင်ငံတကာမှ ဖွံ့ဖြိုးပြီးနိုင်ငံများအပါအဝင်နိုင်ငံအများစုက အပြုသဘောဆောင် အကောင်းမြင်စိတ်ထားများဖြင့် အားပေးကူညီဆောင်ရွက်မှုများရှိလာသည်ကို တွေ့ရသည်။ ယခုအခါ နိုင်ငံတည်ငြိမ်အေးချမ်းမှု တိုးတက်ရရှိလာပြီး အထွေထွေရွေးကောက်ပွဲကိုပင် ကျင်းပနိုင်တော့မည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ ဖြစ်ပေါ်တိုးတက်မှုများကို ဘယ်လာရုစ်နိုင်ငံအပါအဝင် မိတ်ဆွေနိုင်ငံများက အသိအမှတ်ပြု အားပေးကူညီမှုများ ထဲထဲဝင်ဝင်ဆောင်ရွက်ပေးလာမှုများရှိသလို အမေရိကန်ကဲ့သို့ ကမ္ဘာ့နိုင်ငံကြီးသည်ပင် ၎င်းတို့နိုင်ငံ၏အကျိုးစီးပွား၊ မြန်မာနိုင်ငံ၏အကျိုးစီးပွားကိုရှေးရှု၍ ကောင်းမွန်သောအရွေ့များပြုလုပ်လာသည်ကို တွေ့ရသည်။

ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအောင်မြင်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိပကတိအခြေအနေမှန်ကို ထုတ်ဖော်ပြောကြားခဲ့ပြီး ကဏ္ဍစုံတွင်ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်အောင် ကတိကဝတ်ပြုခဲ့သည်။ နိုဝင်ဘာလ ၂၅ ရက်နေ့က အမေရိကန်နိုင်ငံ အမိမြေလုံခြုံရေးဝန်ကြီးဌာနက ကြေညာချက် တစ်ရပ်ထုတ်ပြန်ရာတွင် အမေရိကန်နိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသော မြန်မာနိုင်ငံသား ၄၀၀၀ ခန့်ကို ယာယီခိုလှုံခွင့်ရုပ်သိမ်းပြီး မိခင်နိုင်ငံပြန်ရန်ကိစ္စသည်လည်း အပြုသဘောဆောင်သည့် ဆောင်ရွက်ချက်ဖြစ်သည်။ ထိုသို့ မြန်မာနိုင်ငံ၏ စေတနာမှန်သော ကံတရားကြောင့် ဖြစ်ပေါ်တိုးတက်မှုများကို နိုင်ငံတကာက အသိအမှတ်ပြုလျက်ရှိသလို မြန်မာနိုင်ငံသားများအနေဖြင့်လည်း ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတွင် အားလုံးမျှဝေယူနိုင်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။




## လာနီညာဖြစ်စဉ်ကြောင့် ညအပူချိန်များ လျော့နည်းနိုင်ခြင်းနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာ

နေပြည်တော် နိုဝင်ဘာ ၃၀

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေတွင်ရှိနေပါသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်လ်များ ခန့်မှန်းချက်အရ ဒီဇင်ဘာ ပထမ ၁၀ ရက်ပတ်အတွင်း အားအနည်းငယ်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင်ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါလာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်း၊ ဒေသအချို့တွင် ညအပူချိန်များ လျော့နည်းနိုင်ခြင်းနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်းစသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။

လာနီညာဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်ပါသည်။

မိုး/ဇလ

## ပျဉ်းမနားမြို့နယ်၌ မတ်ပဲသီးနှံစိုက်ပျိုးမှု ကွင်းဆင်းကြည့်ရှု

ပျဉ်းမနား နိုဝင်ဘာ ၃၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်ထောက်ပံ့ငွေ သက်တန့်ရောင်စီမံကိန်းဖြင့်ဆောင်ရွက်ခဲ့သည့် မိုးစပါးစိုက်ပျိုးဆောင်ရွက်မှုတွင် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် စိုက်ကေများအား အစားထိုးသီးနှံ မတ်ပဲ ပြန်လည်စိုက်ပျိုးထားသည့် ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာရှိ သစ်ဆိမ့်ပင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းသားတောင်သူများနှင့် သွားရောက်တွေ့ဆုံခဲ့ကြသည်။

ဦးစွာ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် သစ်ဆိမ့်ပင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းသားတောင်သူများ အစားထိုးပြန်လည်စိုက်ပျိုးထားသည့် မတ်ပဲသီးနှံများကို ကွင်းဆင်းကြည့်ရှုပြီး မြို့နယ်ဦးစီးဌာနမှ တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ၃၀ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၈၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - | အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - | အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - | စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - | ဇင်မာဝင့် |
| | | | **စာပြင်** | - | ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - | အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | နီလာစိုးနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | စိုးချစ်ဦးနှင့်အဖွဲ့ |

★ ရှေ့ဖုံးမှ

ဝမ်းမြောက်ပါကြောင်းနှင့် ပုဂ္ဂလိကကဏ္ဍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အသင်းချုပ်အနေဖြင့် အစဉ်တစိုက် ဦးတည်ဆောင်ရွက်ခဲ့သည့်အတွက်လည်း အသိအမှတ်ပြုဂုဏ်ယူသည်ကို ပြောကြားလိုကြောင်း။

ကုန်သည်စက်မှုအသင်းချုပ်ကို ၁၉၁၉ ခုနှစ်တွင် တိုင်းရင်းသားမျိုးချစ် ကုန်သည်ကြီးများက "စီးပွားရေးခိုင်ခံ့မှ အမျိုးသားရေးတည်တံ့ခိုင်မြဲနိုင်မည်" ဆိုသည့် ခံယူချက်ဖြင့် "ဗမာကုန်သည်အသင်း (Burmese Chamber of Commerce)"အဖြစ် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် ကဏ္ဍအသီးသီးကို ကိုယ်စားပြုသည့် ညီနောင်အသင်းများပါဝင်စုဖွဲ့မှုဖြင့် "ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်"အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်ကို သိရကြောင်း၊ နှစ်ပေါင်း (၁၀၀)ကျော်သက်တမ်းရှိ အဖွဲ့အစည်းဖြစ်သည့်အပြင် နိုင်ငံတော်အစိုးရအဆက်ဆက်က အဓိကမိတ်ဖက် အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုထားခြင်းခံရသည့် ပုဂ္ဂလိကကဏ္ဍ ကိုယ်စားပြုအမျိုးသားအဆင့် အဖွဲ့အစည်းကြီး (National Apex Organization)လည်းဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၃၄) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ်တွင် "နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၌ အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-Based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး" ဆိုသည့် ဦးတည်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကြိုးပမ်းအားထုတ်မှုသည် အရေးကြီးသကဲ့သို့ ကုန်သည်စက်မှုအသင်းချုပ် အပါအဝင် ညီနောင်အသင်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် လည်း အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ အထူးသဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ပို့ကုန်တိုးမြှင့်ရေးတွင် အသင်းအဖွဲ့များအနေဖြင့်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်ကိုလည်း တွေ့မြင်ရကြောင်း။

နိုင်ငံ့စီးပွား မြှင့်တင်ရေးတွင် ကုန်သွယ်မှုသာမက ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးသည်လည်း အရေးပါသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်ပသွင်းကုန် အစားထိုးနိုင်ရေး ပြည်တွင်း ကုန်ထုတ်လုပ်မှုများ မြှင့်တင်နိုင်ရေးကို အားပေးဆောင်ရွက်လျက် ရှိနေကြောင်း၊ ကုန်သည်စက်မှုအသင်းချုပ်ဖြစ်သည့်အားလျော်စွာ ကုန်သွယ်မှုကဏ္ဍကို ကိုယ်စားပြုသည့် လုပ်ငန်းရှင်များသာမက စက်မှုကုန်ထုတ်လုပ်ငန်းရှင်များနှင့်ပါ ပူးပေါင်းပါဝင် ဖွဲ့စည်းထားခြင်းဖြစ်သဖြင့် ကုန်ထုတ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအားစိုက် ဆောင်ရွက်ရန်လည်း မှာကြားလိုကြောင်း။

❖ **နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင် ကုန်သွယ်မှုသာမက ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးသည်လည်း အရေးပါသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး ပြည်တွင်းကုန်ထုတ်လုပ်မှုများ မြှင့်တင်နိုင်ရေးကို အားပေးဆောင်ရွက်လျက်ရှိ**

❖ **ကုန်သည်စက်မှုအသင်းချုပ်ဖြစ်သည့် အားလျော်စွာ ကုန်သွယ်မှုကဏ္ဍကို ကိုယ်စားပြုသည့် လုပ်ငန်းရှင်များသာမက စက်မှုကုန်ထုတ်လုပ်ငန်းရှင်များနှင့်ပါ ပူးပေါင်းပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သဖြင့် ကုန်ထုတ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအားစိုက်ဆောင်ရွက်ရန်လည်း မှာကြားလို**

နိုင်ငံတကာ စီးပွားရေးနယ်ပယ်တွင် မိတ်သစ်ဆွေသစ် ကုန်သွယ်ဖက်များရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အသင်းကြီး၏ လုပ်ဆောင်မှုများသည် နိုင်ငံ့စီးပွားတိုးတက်ရေး၊ ပုဂ္ဂလိကကဏ္ဍ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အရေးပါသကဲ့သို့ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မည့် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေပြီး ပုဂ္ဂလိကကဏ္ဍတစ်ရပ်လုံးကို ကမ္ဘာ့အဆင့်မီ မြှင့်တင်ပေးရန် အထောက်အကူပြုခဲ့သည်ကို တွေ့မြင်ရကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်နေသည့် ပထဝီစီးပွားရေးအခွင့်အလမ်းများအပေါ် နိုင်ငံအသီးသီးက စိတ်ဝင်စားလာသည့် ယခုအချိန်တွင် အသင်းချုပ်ကြီးသည် နိုင်ငံတကာမှ မိတ်ဖက်အသင်းများ၊ ဒေသတွင်းအသင်းအဖွဲ့များနှင့် ရင်ပေါင်တန်းဆောင်ရွက်ထားနိုင်ရေးကိုလည်း ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် စီးပွားရေးဆိုင်ရာမူဝါဒများကို ချမှတ်ဆောင်ရွက်ရာတွင် လက်ရှိဖြစ်ပေါ်ပြောင်းလဲနေသည့် အခြေအနေများပေါ်မူတည်ပြီး လိုက်လျောညီထွေဖြစ်မည့် မူဝါဒများ၊ လမ်းညွှန်မှုများကို လေ့လာသုံးသပ်ပြီးမှ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ချမှတ်ထားသည့် မူဝါဒ လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သည့် နေရာတွင် ပုဂ္ဂလိကအခန်းကဏ္ဍ၏ နားလည်သဘောပေါက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ရှိနေကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ချမှတ်ထားသည့် မူဝါဒလုပ်ငန်းစဉ်များကို မြေပြင်တွင်လက်တွေ့ အကောင်အထည်ဖော် လုပ်ကိုင်သည့်အခါ ကြုံတွေ့ရသည့်စိန်ခေါ်မှု၊ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် အမြဲအသင့်ရှိကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များဘက်မှ လည်း အခက်အခဲများ၊ မူဝါဒဆိုင်ရာ အကြံပြု တင်ပြချက်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် အများကိုကိုယ်စားပြုပြီး အရှိအတိုင်းတင်ပြခြင်းဖြင့် နိုင်ငံတော်ဘက်မှလိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများကို ညှိနှိုင်းဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် ပြည်တွင်းစားရေရိက္ခာဖူလုံရေး၊ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးမြှင့်တင် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အခန်း (၁)၊ ပုဒ်မ ၃၅ ပါ "နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်"ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုများနှင့် ဈေးကွက်ဖွံ့ဖြိုးရေး၊ ဈေးကွက်သစ်များရရှိရေးနှင့် ဈေးကွက်ချဲ့ထွင်ရေးတို့ကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်စီးပွားရေးဝန်းကျင်တွင် ပုဂ္ဂလိကအခန်းကဏ္ဍသည် ပိုမိုများပြားအရေးပါလာမည် ဖြစ်သည့်အတွက် နိုင်ငံ၏ အခြေခံအချက်အလက်များအပေါ် မူတည်ပြီး နိုင်ငံ့စီးပွားရေးကို မည်သို့မည်ပုံ ဆောင်ရွက်သင့်သည်၊ မတူညီသည့် ဒေသအခြေအနေများအပေါ် မူတည်ပြီး ဒေသအလိုက် စီးပွားရေးကို မည်သို့ဆောင်ရွက်သင့်သည်စသည်များကို ဆွေးနွေးအဖြေရှာဖော်ထုတ်ပေးကြရန်ကိုလည်း မြန်မာနိုင်ငံ "စီးပွားရေးပညာနှစ်(၁၀၀)" ရာပြည့်အထိမ်းအမှတ် အခမ်းအနားတွင် တိုက်တွန်းပြောကြားခဲ့သကဲ့သို့ အလေးထား ဖော်ထုတ်သွားရန်လည်း မှာကြားလိုကြောင်း။

ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၏အကျိုးကို ကိုယ်စားပြုသည့် အစိုးရမဟုတ်သော အမျိုးသားအဆင့် ဦးဆောင်အဖွဲ့အစည်းကြီးဖြစ်သည့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အနေဖြင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒပိုင်းဆိုင်ရာများ၊ လုပ်ငန်းစဉ်များ၊ အကြံဉာဏ်များ၊ နည်းပညာများ၊ ကြုံတွေ့နေရသောအခက်အခဲများ၊ ဦးစားပေးဆောင်ရွက်နိုင်ရန် ကိစ္စရပ်များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက်၊ နယ်ပယ်အလိုက် ပုဂ္ဂလိကကဏ္ဍ ကိုယ်စားပြုပြီး တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရန် လိုကြောင်း၊ နိုင်ငံတော်က ဖွဲ့စည်းထားသည့် ကော်မရှင်များ၊ ကော်မတီများသည်လည်း အသင်းချုပ်မှ အမှုဆောင်များ ထည့်သွင်းပါဝင်ဖွဲ့စည်းပေးထားသည့်အားလျော်စွာ ပုဂ္ဂလိကကဏ္ဍလုပ်ငန်းရှင်များ၏ ကောင်းမွန်သည့်အကြံပြုချက်များ၊ တင်ပြချက်များဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်သွားကြရန်တိုက်တွန်းပြောကြားလိုကြောင်း၊ ကဏ္ဍအသီးသီး၊ နယ်ပယ်အသီးသီးကို ကိုယ်စားပြုသည့် ညီနောင်အသင်းအဖွဲ့များအနေဖြင့်လည်း ကုန်သည်စက်မှု အသင်းချုပ်၏ ဦးဆောင်မှုအောက်တွင် စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် လက်တွဲဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။

အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်အမှီသဟဲပြုပြီး နိုင်ငံတော်၏ အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် ပုဂ္ဂလိကကဏ္ဍသည် အဓိကမောင်းနှင်အားတစ်ရပ်အနေဖြင့် ပါဝင်နေကြောင်း၊ လက်ရှိအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြားပေါင်းကူးပေးနေသည့် ဆွေးနွေးမှုပုံစံများမှ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် သိသာမြင်သာရှိသည့်ရလဒ်များ ပေါ်ထွက်သည်အထိ လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အစိုးရနှင့် ပုဂ္ဂလိကအကြားတွင် သဟဇာတ ပိုမိုဖြစ်ထွန်းလာနိုင်မည် ဖြစ်ကြောင်း။ စာမျက်နှာ ၄ သို့ ★



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဧည့်သည်တော်များ၊ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အမှုဆောင်အဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

★ စာမျက်နှာ ၃ မှ

ယနေ့ ကုန်သည်စက်မှုအသင်းချုပ်က ကျင်းပသည့် (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် နိုင်ငံတော်အစိုးရ၊ နိုင်ငံတကာသံရုံးများနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ စုံညီစွာ တက်ရောက် လာကြသည်ကို တွေ့ရှိရခြင်းသည်လည်း မြန်မာ့ပုဂ္ဂလိကကဏ္ဍ၏ ခိုင်မာမှုနှင့် ယုံကြည်မှုတို့ကို ထင်ဟပ်စေကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်နိုင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပြည်တွင်း စီးပွားရေးကဏ္ဍများ ပိုမိုသန်မာလာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ရေး၊ နည်းပညာအသစ်များနှင့် နိုင်ငံတကာ စီးပွားရေး အလေ့အကျင့်ကောင်းများကို လက်ဆင့်ကမ်းသင်ယူနိုင်ရေးတို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် မရှိမဖြစ် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ မြန်မာနိုင်ငံတွင် အပြန်အလှန်အကျိုးရှိမည့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်တစ်ရပ် ဖော်ဆောင်ရာတွင် နိုင်ငံတကာမှ မိတ်ဆွေများ၊ မိတ်ဖက်အဖွဲ့အစည်းများ အနေဖြင့် ဆက်လက် အရှိန်အဟုန်မြှင့်တင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း။

ယနေ့ကျင်းပသည့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည်မှသည် ရွှေရတု၊ စိန်ရတု နှစ်ပေါင်းများစွာတိုင် နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် တိုင်းပြည်သာယာဝပြောရေးတို့အတွက် နိုင်ငံတော်နှင့် လက်တွဲပြီး ဆက်လက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပုဂ္ဂလိကကဏ္ဍ တောင့်တင်းခိုင်မာဖွံ့ဖြိုးပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို ဆတက်ထမ်းပိုးအထောက်အကူပြုဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်ပြောကြားရာတွင် နိုင်ငံတစ်ခု၏ ချမ်းသာကြွယ်ဝမှုကို GDP ဖြင့် တိုင်းတာကြကြောင်း၊ GDP ကို လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများဖြင့် တိုင်းတာခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ GDP မှာ အားနည်းနေသေးကြောင်း၊ မိမိတို့နိုင်ငံတွင် လယ်ယာကဏ္ဍသည် အဓိကကျပြီး လယ်ယာကဏ္ဍမှတစ်ဆင့် စက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာကဏ္ဍဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်သဖြင့် လယ်ယာကဏ္ဍကို မြှင့်တင်ပေးခြင်းဖြင့် အခြားစီးပွားရေး ကဏ္ဍများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

ကုန်သွယ်ရေးနှင့် ပတ်သက်၍ ထုတ်ကုန်ပစ္စည်းများ၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများ၊ အထည်ချုပ်ဆိုင်ရာ ထုတ်ကုန်များရှိကြောင်း၊ သယံဇာတပစ္စည်းများ ထုတ်ယူသုံးစွဲရာတွင်လည်း ပြန်လည် ဖြည့်တင်းနိုင်သည့် သယံဇာတများဖြစ်သော သစ်နှင့် ဝါးထုတ်လုပ်ရေးလုပ်ငန်းများ၊ ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းများကို အဓိကထား ဆောင်ရွက်သွားရန်လိုကြောင်း၊ ထုတ်ကုန်ပစ္စည်းများရှိမှသာ ပို့ကုန်ပစ္စည်းများရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ချမှတ်ထားသည့် ဆောင်ပုဒ် သုံးခုတွင် "နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"ဟု ပါဝင်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုများ မြှင့်တင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် လယ်ယာစိုက်ပျိုးရေး ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်၍ အားနည်းနေသေးကြောင်း၊ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၈ ဘီလီယံပိုမိုရရှိနိုင်မည်ဖြစ်ပြီး သီးထပ်များပါ စိုက်ပျိုးနိုင်မည်ဆိုပါက အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံခန့် ပိုမိုရရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုများ တိုးမြှင့်ဆောင်ရွက်ပြီး ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် နိုင်ငံခြားငွေများ လုံလောက်စွာ ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများ တိုးတက်လာစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း။

အထည်ချုပ် လုပ်ငန်းများနှင့် ပတ်သက်၍လည်း ယခုထက်ပိုမို တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၄၆ ရာခိုင်နှုန်းသည် ဆင်းရဲမွဲတေမှုစာရင်းတွင် ပါဝင်သည်ကို ကုလသမဂ္ဂ၏ အစီအရင်ခံစာအရ သိရှိရကြောင်း၊ အဓိကအားဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးကို တွက်ချက်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်နေ ပြည်သူများ၏ စီးပွားရေးတိုးတက်ရေး လယ်ယာထွက်ကုန်များ ပိုမိုတိုးတက်ထွက်ရှိအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးကောင်းမွန်လာပြီး လူနေမှုအဆင့်အတန်းများ မြင့်မားကာ ဝယ်လိုအားနှင့် ရောင်းလိုအားများ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စက်မှုလက်မှု လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသ စီးပွားရေးမြင့်မားလာစေရေးနှင့် လူနေမှုဘဝများ မြင့်မားလာစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

ကုန်သွယ်မှုအခွန်နှင့် ပတ်သက်၍ အချို့နေရာများတွင် အားနည်းချက်များရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ကုန်သွယ်ခွန်နှင့် ပတ်သက်၍ အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံခြားငွေနှင့် ပတ်သက်၍ မိမိတို့စတင် တာဝန်ယူချိန်မှစတင်၍ စနစ်တကျဆောင်ရွက်ခဲ့ကြောင်း၊ အခွန်ငွေနှင့်ပတ်သက်၍ မကြာမီကာလအတွင်း လျှော့ချဆောင်ရွက်သွားရန်ရှိကြောင်း၊ နိုင်ငံ့စီးပွားရေးနှင့် ပတ်သက်၍ အကောင်းဆုံးဖြစ်အောင် မိမိတို့အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်မှလည်း ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ကြစေလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ ပိုမိုတိုးတက်မှုရှိစေရေး၊ တစ်ကေချင်း အထွက်နှုန်းများ တိုးတက်စေရေး၊ တန်ဖိုးကောင်းသည့် ကောက်ပဲသီးနှံများ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပေါ်ဆန်းမွှေးစပါးနှင့် ကော်ဖီသည်လည်း ပြည်ပဈေးကွက်ရှိပြီးဖြစ်ကြောင်း၊ ပြည်ပဈေးကွက်ရရှိနိုင်သည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သည် တစ်နိုင်ငံလုံးကို ကိုယ်စားပြုပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြသူများ ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး မဖြစ်မနေ ဆောင်ရွက်ရန်နှင့် လုပ်ငန်းများ မှန်မှန်ကန်ကန် ဖြစ်စေရေး ဆောင်ရွက်ရန် လိုကြောင်း၊ ထုတ်ကုန်များ ထုတ်လုပ်ရောင်းချရာတွင် ဈေးနှုန်းများ မှန်မှန်ကန်ကန်ရှိစေရေးနှင့် ထုတ်ကုန်များ အရည်အသွေးပြည့်မီမှုရှိစေရေး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ **နိုင်ငံအတွင်း ဆင်းရဲမွဲတေမှုလျှော့ချရေးသည် နိုင်ငံ၏ ဂုဏ်သိက္ခာ လိုအပ်ချက်ဖြစ်**ကြောင်း၊ ထို့ကြောင့် **အဆိုပါ ဂုဏ်သိက္ခာကို ဖြည့်ဆည်းပေးနိုင်ရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဝိုင်းဝန်း ဆောင်ရွက်ကြရန်လို**ကြောင်း၊ အဓိကအားဖြင့် ပြည်သူများ၏ ဝယ်လိုအားတက်လာစေရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့် ပတ်သက်၍ ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် ရောင်းလိုအားနှင့် ဝယ်လိုအား မျှတလာမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ၏ စားဝတ်နေရေးအတွက် အဓိကလိုအပ်သည့် ကုန်ပစ္စည်းများအား ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချပေးကြရန်လိုကြောင်း၊ နိုင်ငံ့စီးပွားရေးကောင်းမွန်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေးကောင်းမွန်အောင် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

- ❖ **နိုင်ငံတော်အနေဖြင့် စီးပွားရေးဆိုင်ရာမူဝါဒများကို ချမှတ်ဆောင်ရွက်ရာတွင် လက်ရှိဖြစ်ပေါ်ပြောင်းလဲနေသည့် အခြေအနေများပေါ်မူတည်ပြီး လိုက်လျောညီထွေဖြစ်မည့် မူဝါဒများ၊ လမ်းညွှန်မှုများကို လေ့လာသုံးသပ်ပြီးမှ အကောင်အထည်ဖော်လျက်ရှိ**
- ❖ **ချမှတ်ထားသည့် မူဝါဒလုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် ပုဂ္ဂလိကအခန်းကဏ္ဍ၏ နားလည်သဘောပေါက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသည့် အခန်းကဏ္ဍမှရှိနေ**
- ❖ **ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ချမှတ်ထားသည့် မူဝါဒလုပ်ငန်းစဉ်များကို မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော် လုပ်ကိုင်သည့်အခါ ကြုံတွေ့ရသည့် စိန်ခေါ်မှု၊ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် အမြဲအသင့်ရှိ**

ထို့နောက် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် ၂၀၂၄-၂၀၂၅ နှစ်ပတ်လည် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အထွေထွေအတွင်းရေးမှူးက ဖတ်ကြားတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များ၊ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အမှုဆောင်အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (၃၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက်(ရန်ကုန်) ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

# အာကာသပြတိုက်(ရန်ကုန်)ဖွင့်ပွဲအခမ်းအနား ကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက်(ရန်ကုန်)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ရန်ကုန်မြို့တော်ဝန်၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်မည့် နေရာသို့ရောက်ရှိကြရာ နိုင်ငံတကာသံတမန်များ၊ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက ခရီးဦး ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အာကာသပြတိုက်ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ Myanmar Space Agency အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်နှင့် ရန်ကုန်မြို့တော်ဝန် ဦးဘိုငွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများက ပြတိုက်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပြတိုက်ကမွည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယခင် နက္ခတ်တာရာပြခန်းတွင် အသုံးပြုခဲ့သော GOTO Planetarim Analog Projection System အားကြည့်ရှုလေ့လာကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အာကာသပြတိုက် (ရန်ကုန်)ရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပြတိုက်အတွင်းရှိ Deep Space Exploration ပြခန်း၊ Space Station ပြခန်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ အာကာသတွင်းသို့ ခေတ်အဆက်ဆက် လွှတ်တင်ခဲ့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတကာသံတမန်များက ခရီးဦး ကြိုဆိုနှုတ်ဆက်ကြစဉ်။

သည့် ဒုံးပျံများနှင့် အာကာသယာဉ်ပုံစံငယ်များ၊ အာကာသတွင်း လှည့်ပတ်သွားလာလျက်ရှိသည့် ဂြိုဟ်တုပုံစံငယ်များ၊ ဒုံးပျံလွှတ်တင်ရေးစခန်းမှ ဒုံးပျံလွှတ်တင်မှု သရုပ်ပြသမှုများကို လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေး နှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက မိန့်ခွန်းပြောကြားရာ၌ ယနေ့တွင် အာကာသပြတိုက် (ရန်ကုန်)ကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သဖြင့် မိမိတို့နိုင်ငံတွင်ရှိသည့် ကျောင်းသား ကျောင်းသူ၊ မျိုးဆက်သစ်လူငယ်များအနေဖြင့် စာအုပ်များတွင် ဖတ်ခဲ့ရသည့်၊ ရုပ်သံများတွင် မြင်တွေ့ခဲ့ရသည့် အာကာသတွင်း စေလွှတ်မည့်ဒုံးပျံများ၊ အာကာသတွင် လှည့်ပတ်သွားလာမည့် ဂြိုဟ်တုများ၊ အာကာသတွင်း စူးစမ်းလေ့လာမည့် အာကာသယာဉ်နှင့်ယာဉ်မှူးများ၊ ဂြိုဟ်များ၊ နက္ခတ်တာရာများ အစရှိသည့် အာကာသဆိုင်ရာ ဗဟုသုတ အကြောင်းအရာများကို ယခုပြတိုက်အတွင်း၌ တစုတစည်းတည်း စူးစမ်းလေ့လာခွင့် ရနိုင်တော့မည်ဖြစ်ကြောင်း။

အာကာသပြတိုက်ကို မိမိတို့နိုင်ငံ၏အနာဂတ် မျိုးဆက်သစ်လူငယ်များ၏ အာကာသနှင့် သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများကို နှိုးကြားစေမည့်၊ ၎င်းတို့ သင်ကြားနေသည့် ကျောင်းသင်ခန်းစာများကို ကျော်လွန်ပြီး အာကာသနှင့် သိပ္ပံဆိုင်ရာ အိပ်မက်အသစ်များကို မွေးဖွားပေးမည့် နေရာတစ်ခုဖြစ်လာစေရေးအတွက် ရည်ရွယ်ပြီး အကောင်ထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင်ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တစ်ရပ် တည်ဆောက်ရာတွင် အာကာသသိပ္ပံပညာနှင့် အသုံးချနည်းပညာများသည် တစ်နေ့တခြား ပိုမိုအရေးပါလာသည်ဖြစ်သည့်အတွက် မိမိတို့နိုင်ငံတွင် အာကာသနည်းပညာများ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်း ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိကြောင်း။

အာကာသပြတိုက်မှ ရရှိလာသည့် အာကာသနည်းပညာဆိုင်ရာ စိတ်ကူးစိတ်သန်းများနှင့် လှုံ့ဆော်မှုများကြောင့် မြန်မာနိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုနိုင်မည့် အနာဂတ်၏ အာကာသယာဉ်မှူးများ၊ သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများနှင့် ကဏ္ဍအလိုက်ပညာရှင်များလည်း ပေါ်ထွက်လာမည်ဟု ယုံကြည်မိကြောင်း။

မိမိတို့အနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံအစိုးရတို့ ၁၉၈၇ ခုနှစ်က ပူးပေါင်းတည်ဆောက်ခဲ့သည့် နက္ခတ်တာရာပြခန်းကို ယခုကဲ့သို့ အာကာသပြတိုက်အဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပြုပြင်ခဲ့ခြင်းဖြစ်ပြီး ယခင်အသုံးပြုခဲ့သည့် စက်ပစ္စည်း Analog Projection System များနေရာတွင် ခေတ်မီစက်ပစ္စည်းများဖြစ်သည့် Digital Projection System များဖြင့် အစားထိုးလဲလှယ်ခြင်း၊ အာကာသနှင့် နက္ခတ်တာရာဆိုင်ရာပြခန်းများ၊ အာကာသစခန်းများနှင့် အခြား အာကာသနည်းပညာဆိုင်ရာပြခန်းများ အစရှိသည့် စိတ်ဝင်စားဖွယ် ပြခန်းနေရာများကို ထပ်မံထည့်သွင်းပြသခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးရေး ကဏ္ဍများတွင် အာကာသ နည်းပညာများကို ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အသုံးချနိုင်ရေးအတွက် မြန်မာအာကာသအေဂျင်စီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး နိုင်ငံတကာ မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ရေတို/ရေရှည် စီမံကိန်းများသတ်မှတ်ပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရှင်လူငယ်များ အနေဖြင့် ထိုကဲ့သို့ အာကာသနည်းပညာလုပ်ရှားမှု အစီအစဉ်များတွင် ပါဝင်နိုင်မည့် အခွင့်အလမ်းများကိုလည်း မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ **စာမျက်နှာ ၆ သို့** ✻

❋ စာမျက်နှာ ၅ မှ

ယင်းနေရာတွင် သာဓကတစ်ခုအနေဖြင့် စက်တင်ဘာလက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆီးရီးယပ်မြို့တွင် ကျင်းပခဲ့သည့် Open World Astronomy Olympiad (OWAO–25) ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်လူငယ်ခြောက်ဦးနှင့် International Olympiad on Climate Change and Environmental Issues (IOCE–2025) ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်လူငယ်ငါးဦး စုစုပေါင်းလူငယ် ၁၁ ဦးကို စေလွှတ်ယှဉ်ပြိုင်စေခဲ့ရာ သက်ဆိုင်ရာ ပြိုင်ပွဲများအလိုက် ထိုက်တန်စွာ ယှဉ်ပြိုင်နိုင်ခဲ့ကြပြီး အောင်မြင်မှုအသီးသီးဖြင့် ဆုတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

နည်းပညာခေတ် ဖြစ်သည့် ယနေ့ မျက်မှောက်ကာလတွင် အာကာသနှင့် ဂြိုဟ်တုနည်းပညာများသည် အချိန်နှင့်အမျှ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး လူသားမျိုးနွယ်၏ အကျိုးကို ဖော်ဆောင်ပေးနိုင်မည့် အာကာသသုတေသနလုပ်ငန်းများကို အပြိုင်အဆိုင် ပူးပေါင်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ထိုကဲ့သို့ သုတေသနလုပ်ငန်းများမှရရှိလာသည့် အကျိုးရလဒ်များဖြစ်သည့် အာကာသသိပ္ပံနှင့် အသုံးချနည်းပညာ၊ ဂြိုဟ်တုနည်းပညာများကို နိုင်ငံ၏ ကာကွယ်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် နိုင်ငံ့စွမ်းအားကို ဖြစ်စေမည့် ဘက်စုံအခန်းကဏ္ဍအသီးသီးတွင် အကျိုးရှိစွာ အသုံးချနေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ အလွန်အရေးပါသည့် အာကာသသိပ္ပံနှင့် နည်းပညာရပ်များတွင် နိုင်ငံတကာနှင့်ယှဉ်ပြိုင်ရင်ပေါင်တန်းနိုင်ရန်၊ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် မျိုးဆက်သစ် လူငယ်လူရွယ်များကို ပြုစုပျိုးထောင် လေ့ကျင့် သင်ကြားပေးရမည်ဖြစ်ကြောင်း။

ယနေ့တွင် အာကာသပြတိုက်ကြီးကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သောကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မျက်မှောက်ခေတ် အာကာသနယ်ပယ်၏ စိန်ခေါ်မှုနှင့် အခွင့်အလမ်းအသစ်များတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး စိတ်ကူးစိတ်သန်းများကို မွေးဖွားကာ အကောင်အထည်ဖော်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း၊ အနာဂတ်ကာလ အာကာသအသုံးချနယ်ပယ် အသီးသီးတွင် နိုင်ငံတော်က ဂုဏ်ယူအားထားရမည့် သုတေသနပညာရှင်များ၊ အင်ဂျင်နီယာများ၊ အာကာသယာဉ်မှူးများ၊ ဘက်စုံကဏ္ဍအလိုက် ကျွမ်းကျင်ပညာရှင်များနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာမည်ဟုလည်း ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌထံ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အာကာသပြတိုက် (ရန်ကုန်)ဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

**လက်ဆောင်ပစ္စည်းများ ပေးအပ်**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်လာကြသည့် နိုင်ငံတကာမှ သံတမန်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက် လာကြသူများသည် အာကာသနှင့် နက္ခတ်တာရာဆိုင်ရာ Dome Video Clip အား ကြည့်ရှုကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် သံတမန်များက အာကာသပြတိုက် (ရန်ကုန်) ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

အဆိုပါ အာကာသပြတိုက် (ရန်ကုန်)သည် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင်တည်ရှိပြီး ယခင် နက္ခတ်တာရာပြခန်းအား ခေတ်နှင့်အညီ ဖြစ်စေရေးအတွက် အဆင့်မြှင့်တင် ပြန်လည်မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်၍ အာကာသပြတိုက် (ရန်ကုန်) အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြတိုက်အတွင်း Deep Space Exploration ပြခန်း၊ Space Station ပြခန်းနှင့် အာကာသတွင်း စေလွှတ်ခဲ့သည့် ဒုံးပျံများ၊ အာကာသတွင် လှည့်ပတ်သွားလာလျက်ရှိသည့် ဂြိုဟ်တုများ၊ အာကာသတွင်း စူးစမ်းလေ့လာသည့် အာကာသယာဉ်နှင့်ယာဉ်မှူးများ၊ ဂြိုဟ်များ၊ နက္ခတ်တာရာများ အစရှိသည့် အာကာသဆိုင်ရာများအား ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာကာသပြတိုက် (ရန်ကုန်) ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အာကာသပြတိုက်(ရန်ကုန်)အတွင်း ကြည့်ရှုလေ့လာကြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ Myanmar Space Agency အမှုဆောင်အရာရှိချုပ် ဒေါက်တာ စိုးမြင့်မောင်နှင့် ရန်ကုန်မြို့တော်ဝန် ဦးဘိုဌေးတို့ အာကာသပြတိုက်(ရန်ကုန်)ဖွင့်ပွဲအခမ်းအနားတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။



မြန်မာယူ - ၁၇ အသင်းနှင့် ဆီးရီးယားယူ - ၁၇ အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ဘောလုံးအားကစားဝါသနာရှင်ပရိသတ်များ တစ်ခဲနက်ကြည့်ရှုအားပေးမှုကို တွေ့ရစဉ်။ ဓာတ်ပုံ - စိုးညွန့်သော်

❖ ကျောဖုံးမှ

အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘောလုံးအားကစား ဝါသနာရှင်ပရိသတ် အင်အားသုံးသောင်းကျော် ကွင်းလုံးပြည့် တစ်ခဲနက် လာရောက်ကြည့်ရှု အားပေးကြသည်။

ပြိုင်ပွဲတွင် မြန်မာယူ - ၁၇ အမျိုးသား ဘောလုံးအသင်းနှင့် ဆီးရီးယားယူ–၁၇ အမျိုးသား ဘောလုံးအသင်းတို့သည် ပထမပိုင်း ၄၅ မိနစ်တွင် ဂိုးရရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရာ ၉ မိနစ် ၅၂ စက္ကန့်တွင် မြန်မာယူ - ၁၇ အမျိုးသား ဘောလုံးအသင်းမှ ညီညီသန့် ကျောနံပါတ်(၁၀) က မြန်မာအသင်းအတွက် ပထမအဖွင့် ဦးဆောင်ဂိုးကို သွင်းယူခဲ့ပြီး ၁၄ မိနစ် ၄၂ စက္ကန့်တွင် ဆီးရီးယားယူ - ၁၇ အမျိုးသား ဘောလုံးအသင်းမှ AHMAD ALFARAJ ကျောနံပါတ်(၉) က ချေပဂိုး ပြန်လည်သွင်းယူခဲ့ကာ မြန်မာယူ–၁၇ အမျိုးသားဘောလုံးအသင်းမှ လင်းရောင် ကျောနံပါတ်(၈) အစား ဝင်းမင်းသန့် ကျောနံပါတ် (၆)အား လူစားလဲလှယ်ကစားခဲ့ရာ၊ ၃၄ မိနစ် ၀၄ စက္ကန့်တွင် မြန်မာယူ - ၁၇ အမျိုးသား ဘောလုံးအသင်းမှ အန့်ထူးပိုင် ကျောနံပါတ်(၇) က ဒုတိယအနိုင်ဂိုးအား ထပ်မံသွင်းယူနိုင်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်း ၈၅မိနစ် စက္ကန့် ၄၀ တွင် ဆီးရီးယားယူ–၁၇အမျိုးသားဘောလုံးအသင်းမှ ODEY ALFASHTAKI ကျောနံပါတ်(၁၆)က ချေပဂိုးအား ထပ်မံသွင်းယူခဲ့သည်။ မြန်မာယူ - ၁၇ အမျိုးသားဘောလုံးအသင်း အနေဖြင့် ဂိုးထပ်မံရရှိရေးအတွက် အကြိတ်အနယ် တိုက်စစ်ဆင်ယှဉ်ပြိုင် ကစားခဲ့သော်လည်း ပြိုင်ပွဲပြီးဆုံးချိန်တွင် တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။



မြန်မာယူ - ၁၇ အသင်းမှ ဆီးရီးယားယူ - ၁၇ အသင်းဘက်သို့ ဂိုးသွင်းယူစဉ်။ ဓာတ်ပုံ - စိုးညွန့်သော်

အဆိုပါပွဲစဉ်တွင် ပထမပိုင်း၌ ကျောနံပါတ် (၃) မြင့်မြတ်ကိုကို၊ ကျောနံပါတ် (၄) မျိုးခန့်ကျော်၊ ကျောနံပါတ် (၅) အသင်းခေါင်းဆောင် အောင်သီဟ၊ ကျောနံပါတ် (၇) အန့်ထူးပိုင်၊ ကျောနံပါတ် (၈) လင်းရောင်၊ ကျောနံပါတ် (၁၀) ညီညီသန့်၊ ကျောနံပါတ် (၁၃) မြတ်မင်းသူ၊ ကျောနံပါတ် (၁၅) ဝင်းဇော်၊ ကျောနံပါတ် (၁၆) ချန်လန်တိန့်၊ ကျောနံပါတ် (၁၈) ထက်ဝေယံ၊ ကျောနံပါတ် (၁၉) ရဲနိုင်အောင် အားကစားသမား ၁၁ ဦးတို့က အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး ဒုတိယပိုင်း (၄၅) မိနစ်တွင် ကျောနံပါတ် (၁၉) ရဲနိုင်အောင် အစား ကျောနံပါတ်(၉) ဒီဝေယံက လည်းကောင်း၊ ကျောနံပါတ် (၁၆) ချန်လန်တိန့် အစား ကျောနံပါတ်(၂) ပိုင်စိုးကျော်က လည်းကောင်း၊ ကျောနံပါတ်( ၁၀) ညီညီသန့်အစား ကျောနံပါတ်(၂၃) ကောင်းခန့်တို့အား လဲလှယ် ယှဉ်ပြိုင် ကစားခဲ့ကြခြင်းဖြစ်သည်။

ယနေ့ပြုလုပ်သည့် ခြေစစ်ပွဲအဆုံးအဖြတ်သည် အာရှဖလားဝင်ခွင့်ဖြင့် ၁၉ နှစ်ကြာ ဝေးကွာခဲ့ရသည့် မြန်မာယူ–၁၇ အသင်းအတွက် အာရှဖလားဝင်ခွင့်ကို ပြန်လည်ရယူနိုင်ခဲ့သည့် သမိုင်းဝင်နေ့ရက် တစ်ရက်ဖြစ်ခဲ့သည်။ မြန်မာယူ–၁၇ အသင်းသည် အုပ်စုပွဲစဉ်များတွင် အာဖဂန်နစ္စတန်အသင်းကို သုံးဂိုး–တစ်ဂိုး၊ နီပေါအသင်းကို လေးဂိုး – ဂိုးမရှိ၊ အိုမန်အသင်းကို နှစ်ဂိုး– ဂိုးမရှိ၊ ဆီးရီးယားအသင်းကို နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ကာ အုပ်စုတွင်း ရမှတ် ၁၀ မှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၆ ခုနှစ် အာရှယူ–၁၇ ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် မေ ၇ ရက်မှ ၂၄ ရက်အထိ ဆော်ဒီအာရေဗျနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**✳ ဆီးဂိမ်းမှ**

အောင်ပြည့်ဖြိုး (ဒဂုံစတားယူနိုက်တက်)၊ ခန့်မင်းသန့် (ရခိုင်ယူနိုက်တက်)၊ နောက်တန်း–ဖြိုးပြည့်စုံ၊ ရှမွေလင်ိုင်းကီး (ရတနာပုံ)၊ မြတ်ဘုန်းခန့် (သစ္စာအားမာန်)၊ လာဘ်ဝေဘုန်း၊ ကောင်းထက်ပိုင် (ရန်ကုန်ယူနိုက်တက်)၊ ထူးဝေယံ (မဟာယူနိုက်တက်)၊ မာတီးနို (အား/ကာသိပ္ပံ)၊ အလယ်တန်း– စခန့်ချော၊ ရဲရင့်ဖြိုး၊ မိုးဆွေ၊ အောင်သီဟ၊ စွမ်းထက် (ဒဂုံစတားယူနိုက်တက်)၊ အာကာကျော်၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင် (ရန်ကုန်ယူနိုက်တက်)၊ ရှိုင်းဝဏ္ဏအောင်၊ မင်းမော်ဦး (သစ္စာအားမာန်)၊ ရှေ့တန်း– သန်းတိုးအောင် (ဟံသာဝတီယူနိုက်တက်)၊ စောမျိုးဇော် (သစ္စာအားမာန်)၊ သူရိန်ထွန်း (လက်ရှိအသင်းမရှိသေး) တို့ ပါဝင်ကြသည်။

မြန်မာအသင်းသည် အုပ်စု (C) တွင် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်အသင်းတို့နှင့် ကျရောက်နေပြီး အုပ်စု (C) ပွဲစဉ်များကို ချင်းမိုင်မြို့ရှိ နှစ် (၇၀၀) ပြည့်အထိမ်းအမှတ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဒီဇင်ဘာ ၅ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဒီဇင်ဘာ ၁၂ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

**သတင်း–ရှိုင်းထက်ဇော်၊ဓာတ်ပုံ–MFF**

## ဆိုင်ကလုန်းမုန်တိုင်း“ဒစ်ဝါ”၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်သတ်မှတ်

နေပြည်တော် နိုဝင်ဘာ ၃၀

**ဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ” အခြေအနေ**

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ တမီးလ်နာဒူး–ပူဒူချယ်ရီကမ်းခြေတို့တွင်ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ”သည် မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်–အနောက်တောင်ဘက် ရေမိုင် ၇၆၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၅၀ ခန့်နှင့် သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့၏ မြောက်– အနောက်မြောက်ဘက် ရေမိုင် ၁၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း“ဒစ်ဝါ”၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည် ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင် အဆင့်ဟု သတ်မှတ်ပါသည်။

**ဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ”၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ” သည် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် မြောက်လတ္တီကျု ၁၁ ဒသမ ၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၀ ဒသမ ၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်နှုန်းခန့် ဖြစ်သည်။

**နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း“ဒစ်ဝါ”သည် အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း–ပူဒူချယ်ရီကမ်းခြေတို့နှင့်အပြိုင် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ”၏ အရှိန်ကြောင့် မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ”၏ အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ၂၀၂၅ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား အသက်(၂၃)နှစ်အောက် အမျိုးသား/အမျိုးသမီး (၃)ယောက်တွဲ ပိုက်ကျော်ခြင်း ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၂၅ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား အသက် ၂၃ နှစ်အောက် အမျိုးသား/အမျိုးသမီး (၃) ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် နေပြည်တော် အားကစားရုံ (ရွှေကြာပင်)၌ ကျင်းပသည်။





အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား အသက် ၂၃ နှစ်အောက် အမျိုးသား (၃) ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ဖြစ်သည့် ပျဉ်းမနားမြို့နယ်အသင်းနှင့် တပ်ကုန်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီး (၃) ယောက်တွဲ ပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု၊ အမျိုးသား (၃) ယောက်တွဲ ပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုနှင့် ဆုရရှိသည့် အသင်းများအား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင် အားကစားကွင်းအတွင်း တည်ဆောက်လျက်ရှိသည့် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း Synthetic ပြေးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေရှည်ခိုင်ခံ့မှုရှိစေရေးနှင့် ငလျင်အပါအဝင် သဘာဝဘေးအန္တရာယ်ခံနိုင်ပြီး ကြံ့ခိုင်မှုရှိစေရေး အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

အလားတူ ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ပထမအကြိမ် အစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# ထိပ်ဆုံးအသင်းမှာ ရပ်တည်နိုင်ဖို့ ဘယ်အသင်းကိုမှ လျှော့ပြီး ကစားလို့မရတဲ့အတွက် အကောင်းဆုံး စွမ်းဆောင်ရည်နဲ့ ကြိုးစားသွားဖို့ ပြင်ဆင်ထားပါတယ်

**ဦးစိုးမြတ်မင်း (ယူ-၂၂ အမျိုးသားလက်ရွေးစင်ဘောလုံးအသင်းအုပ်ချုပ်သူ)**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ ဆီးဂိမ်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း ၃၈ မျိုးကို ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ ယူ-၂၂ အမျိုးသားလက်ရွေးစင် ဘောလုံးအသင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြပြီးဖြစ်သည်။ အသင်းအနေဖြင့် ရွှေရောင်အိပ်မက်များနှင့် လေ့ကျင့်စုဖွဲ့ခဲ့မှုတို့ကို ယူ-၂၂ အမျိုးသားဘောလုံးအသင်း၏ အုပ်ချုပ်သူတစ်ဦးဖြစ်သည့် မြန်မာ့လက်ရွေးစင် ဘောလုံးကစားသမားဟောင်း ဦးစိုးမြတ်မင်းအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်-




**ဦးစိုးမြတ်မင်း**
**ယူ-၂၂ အမျိုးသားလက်ရွေးစင်**
**ဘောလုံးအသင်းအုပ်ချုပ်သူ**

ထိုင်းနိုင်ငံမှာ ကျင်းပမယ့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ ဆီးဂိမ်းပြိုင်ပွဲကြီးမှာ ယူ-၂၂ အမျိုးသားလက်ရွေးစင်ဘောလုံးအသင်းရဲ့ အုပ်ချုပ်သူအဖြစ် ဆောင်ရွက်သွားမှာပါ။ ဆီးဂိမ်းပြိုင်ပွဲအတွက် အခုနှစ် မတ်လကတည်းကစပြီး အသင်းကို စုဖွဲ့ပြီး ခြေစမ်းပွဲတွေ တောက်လျှောက်ကစားခဲ့ပြီးတော့ ပြိုင်ပွဲတွေလည်း ယှဉ်ပြိုင်ခဲ့ပါတယ်။ အသင်းနည်းပြချုပ်ဖြစ်တဲ့ မစ္စတာကုရုရဲ့ လေ့ကျင့်မှုနဲ့ အကောင်းဆုံး ပြင်ဆင်ထားပါတယ်။

နည်းပြချုပ်အနေနဲ့ လက်ရှိမှာ MNA One ဖြစ်တဲ့ National League One ပြိုင်ပွဲတွေကို ကြည့်ရှုပြီး ပြိုင်ပွဲထဲကမှ စိတ်ကြိုက် အကောင်းဆုံးဘောလုံးသမား ၂၃ ဦးကိုရွေးချယ်ခဲ့ပြီး ပြိုင်ပွဲဝင်တာ ဖြစ်ပါတယ်။ မြန်မာ ယူ-၂၂ အသင်းအနေနဲ့ ဒီဇင်ဘာ ၅ ရက်မှာ ဖိလစ်ပိုင်အသင်းနဲ့ ယှဉ်ပြိုင်ရမှာဖြစ်တာကြောင့် ကြိုတင်လေ့ကျင့်ပြင်ဆင်ချိန်ရအောင် ဒီနေ့ပဲ ထွက်ခွာတာ ဖြစ်ပါတယ်။ ချင်းမိုင်မြို့က အယ်လ်ပိုင်း Camp မှာ သုံးရက်လေ့ကျင့်သွားဖို့ရှိပါတယ်။

ဘောလုံးပြိုင်ပွဲမှာ အုပ်စုသုံးစုရှိပြီး မြန်မာ ယူ-၂၂ အသင်းဟာ အုပ်စု(စီ)မှာ ပါဝင်ပါတယ်။ အုပ်စု(စီ) မှာ မြန်မာ၊ ဖိလစ်ပိုင်နဲ့ အင်ဒိုနီးရှားအသင်းတို့ ပါဝင်ပါတယ်။

မြန်မာအသင်းအနေနဲ့ ဒီဇင်ဘာ ၅ ရက်နေ့မှာ ဖိလစ်ပိုင်အသင်းနဲ့ ပထမဆုံးယှဉ်ပြိုင်ပြီး ဒီဇင်ဘာ ၁၂ ရက်နေ့မှာ အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်တဲ့ အင်ဒိုနီးရှားအသင်းနဲ့ ယှဉ်ပြိုင်သွားမှာပါ။ ပွဲစဉ်တိုင်းကို မြန်မာအသင်းအနေနဲ့ အင်တိုက်အားတိုက်နဲ့ စွမ်းအားပြည့် အကောင်းဆုံး ယှဉ်ပြိုင်သွားမှာပါ။



ယူ-၂၂ အသင်းမှာ အသင်းသား ၂၃ ဦး၊ နည်းပြနဲ့အုပ်ချုပ်သူ ၁၃ ဦး ပါဝင်ပါတယ်။ လူငယ်တွေရဲ့ လေ့ကျင့်မှုကို တွေ့မြင်ခဲ့ရတာ အားရကျေနပ်မှုရှိပါတယ်။ နည်းပြချုပ်အနေနဲ့ လေ့ကျင့်မှုပိုင်းကို အကောင်းဆုံး ပုံဖော်ထားတာကြောင့် ပြိုင်ပွဲမှာ အသင်းရဲ့ ခြေစွမ်းတွေကို တွေ့မြင်ရမှာပါ။

အရင်က ဆီးဂိမ်းဘောလုံးပြိုင်ပွဲမှာ အုပ်စုနှစ်စုသာရှိပေမယ့် အခုတော့ အုပ်စုသုံးစုခွဲပြီး ကစားရတာကြောင့် ဘယ်လိုပဲဖြစ်နေဖြစ်နေ ထိပ်ဆုံးအသင်းမှာ ရပ်တည်နိုင်ဖို့ ဘယ်အသင်းကိုမှ လျှော့ပြီး ကစားလို့မရတဲ့အတွက် အကောင်းဆုံး စွမ်းဆောင်ရည်နဲ့ ကြိုးစားသွားဖို့ ပြင်ဆင်ထားပါတယ်။

အသင်းအနေနဲ့ နိုင်ငံ့ဂုဏ်ဆောင် ရည်မှန်းချက်နဲ့အညီ အနိုင်ရဗိုလ်စွဲဖို့ အားလုံးရင်ထဲမှာ ရှိနေကြပါတယ်။ အသင်းအုပ်ချုပ်သူထက် ကိုယ်တိုင်ကစားကြမယ့် ညီငယ်လေးတွေရဲ့ ရင်ထဲမှာ ကျောက်စိုင်ကျောက်ခဲလို ပိုပြီး ခိုင်မာနေကြတာပါ။ သတိထားရမှာက တစ်ဆင့်ချင်းအောင်မြင်မှုကိုတက်လှမ်းသွားဖို့လိုပါတယ်။

ဆီမီးဖိုင်နယ်ကိုတက်လှမ်းတဲ့ အသင်းလေးသင်းမှာ ပါဝင်အောင် အစွမ်းကုန်ပြင်ဆင်ကြိုးစားထားပြီးသားပါ။ ဆီးဂိမ်းပြိုင်ပွဲမှာ မြန်မာဘောလုံးအသင်းအနေနဲ့ ရလဒ်ကောင်းတစ်ခုကို ရရှိဖို့ ပရိသတ်တွေရဲ့ ခွန်အားပြည့် အားပေးမှုတွေကို အသင်းအနေနဲ့ မျှော်လင့်ထားကြပါတယ်။



အကောင်းဆုံး ကြိုးစားသွားမယ်လို့လည်း အသင်းကိုယ်စား ပြောကြားလိုပါတယ်။

(၃၃) ကြိမ်မြောက် ဆီးဂိမ်း ဘောလုံးပြိုင်ပွဲကြီးတွင် ယူ-၂၂ အမျိုးသား ဘောလုံးပြိုင်ပွဲကို အုပ်စုသုံးစုဖြင့် ဖွဲ့စည်းထားပြီး အုပ်စုအေတွင် ထိုင်း၊ စင်ကာပူ၊ တီမော၊ အုပ်စုဘီတွင် ဗီယက်နမ်၊ မလေးရှား၊ လာအိုနှင့် အုပ်စုစီတွင် မြန်မာ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ရာ ဒီဇင်ဘာ ၅ ရက်တွင် မြန်မာအသင်း၏ အဖွင့်ပွဲစဉ်အဖြစ် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဘောလုံးအားကစားကို ချစ်မြတ်နိုးကြသည့်၊ မြန်မာဘောလုံးအသင်းကို တက်တက်ကြွကြွ အစဉ်အားပေးနေကြသည့် မြန်မာပြည်သူများအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်များကို ပွေ့ပိုက်ယူဆောင်လာကြမည့် မြန်မာဘောလုံးအသင်းအား တစ်ခဲနက် သောင်းသောင်းဖြဖြ အားပေးကြပါစို့ဟု ရေးသားလိုက်ရပါသည်။

**တွေ့ဆုံမေးမြန်း -သစ္စာ(MNA)**
**ဓာတ်ပုံ - ဇွဲမာန်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**၂၇ ရက်**

**သာ လိုတော့သည်။**

## မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ကွင်းဆင်းကြည့်ရှုစစ်ဆေး



ညောင်ဦး နိုဝင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် ညောင်ဦးမြို့နယ် အမှတ်(၂)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၆)ရပ်ကွက်နှင့် မြင်းကပါကျေးရွာတို့ရှိ ပြည်သူများ၏ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်း စနစ်ဖြင့် ကွင်းဆင်းစစ်ဆေးသည်။

**ပေါင်းစပ်ဆောင်ရွက်**

ဦးစွာ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အစည်းအဝေးခန်းမ၌ ညောင်ဦးခရိုင်အတွင်း မဲစာရင်းများပြုစုဆောင်ရွက်ထားရှိမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြီး မွန်းလွဲပိုင်းတွင် ညောင်ဦးမြို့နယ် ရပ်ကွက်/ကျေးရွာ အုပ်စုများအတွင်းရှိ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စွာပြုစုနိုင်ရေး၊ မဲစာရင်းတွင်ပါဝင်နိုင်ရေး မဲစာရင်း အတိုး/အလျှော့များ စနစ်တကျ ဆောင်ရွက်နိုင်ရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းကျန်ရှိမှုမရှိစေရေး၊ စာရင်းကွာဟမှု မရှိစေရေးတို့ကို ပေါင်းစပ်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်မဲစာရင်း ပြည့်စုံမှန်ကန်ရေး စိစစ်ရေးအဖွဲ့များဖြင့် ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့်အဖွဲ့သည် တစ်အိမ်တက်ဆင်း မဲစာရင်း ကောက်ယူပြုစုနေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဒီပါလင်း

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## မော်ဘီမြို့နယ်၌ ပြည်သူများမဲစာရင်းကျန်ရှိမှု မရှိစေရေး မြေပြင်ကွင်းဆင်းဆောင်ရွက်



မော်ဘီ နိုဝင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်တွင် မဲစာရင်းများပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက မော်ဘီမြို့နယ် အမှတ်(၂)ရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း လိုက်လံကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ် မြေပြင်ကွင်းဆင်းကောက်ယူရေး ကော်မတီအဖွဲ့များနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ၊ အဖွဲ့ဝင်များပူးပေါင်း၍ မဲစာရင်းတွင် မိမိအမည် မပါဝင်ပါက ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲစာရင်းတွင် မိမိအမည်စာရင်းမပါဝင်သင့်ဘဲ ပါဝင်နေပါက ပုံစံ(၄)ဖြင့်ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာ တင်သွင်းခြင်းများကို တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကောင်းမြတ်သူ(မော်ဘီ)

## ရမည်းသင်းမြို့နယ်၌ မဲစာရင်းမှန်ကန်စေရေး ကွင်းဆင်းကြည့်ရှုအားပေး



ရမည်းသင်း နိုဝင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရွေးကောက်ပွဲဆိုင်ရာ ရမည်းသင်းခရိုင်တာဝန်ခံ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်သည် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရွေးကောက်ပွဲဆိုင်ရာ ရမည်းသင်းခရိုင်တာဝန်ခံ သယံဇာတရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ဆွေးနွေးတင်ပြကာ တက်ရောက်လာသူများက ဆွေးနွေးတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သင်းရတနာခန်းမ၌ မြန်မာ အီလက်ထရောနစ်မဲပေးစက်များ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်/ကျေးရွာ အုပ်စုအလိုက် တစ်အိမ်တက်ဆင်းဖြင့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာကွင်းဆင်းစိစစ်ရေးအဖွဲ့ ၆၄ ဖွဲ့က ကွင်းဆင်းဆောင်ရွက်လျက်ရှိသည့် ရမည်းသင်းမြို့နယ်အတွင်းရှိ သိမ်ကုန်းကျေးရွာအုပ်စုမှ မဲဆန္ဒရှင်များ မဲစာရင်းလာရောက်ကြည့်ရှုနေမှုနှင့် မဲဆန္ဒရှင်ပြည်သူများ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရေးအတွက် မဲရုံသို့လာရောက်၍ မဲပေးနိုင်ရေး၊ မဲဆန္ဒရှင်စာရင်းတွင်ပါရှိရေးတို့ကို မှာကြားကာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရမည်းသင်းမြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများက မြေပြင်ကွင်းဆင်း၍ အသက်(၁၈)နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား ပြုလုပ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး/ပျက်စီးသူများအား ဆောင်ရွက်ပေးခြင်းနှင့် UID ကောက်ယူခြင်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ဆန္ဒမဲပေးခွင့်ရှိသူများစာရင်း တိကျမှန်ကန်စေရေး နိုဝင်ဘာ ၂၉ ရက်တွင် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်စဉ်။

ဝင်းကြိုင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း နိုဝင်ဘာ ၂၉ ရက်က နိုင်ငံသားတိုင်းမဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိစေရေး၊ မဲပေးခြင်းသည် နိုင်ငံသားများက အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် တာဝန်ရှိသူများက မဲစာရင်းများကို အိမ်တိုင်ရာရောက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။

မောင်အေးချမ်း(ပြန်/ဆက်)



ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း)တာဝန်ခံ ဦးမြင့်ဦးက သင်တန်းသားသင်တန်းသူများ မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြသ မဲပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

မြို့နယ်(ပြန်/ဆက်)

# အနေဝေးသော်လည်း သွေးချင်းနီးသည့် မိတ်ကောင်းဆွေကောင်း နိုင်ငံကောင်း

ကိုရင်မောင်

> “မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံသည် တည်နေရာအနေအထားအရ အလှမ်းဝေးကွာသော်လည်း သံတမန်ဆက်ဆံရေးနှင့် စစ်ဘက်သံတမန်ဆက်ဆံရေး နှစ်မျိုးစလုံးရှိသော နိုင်ငံများဖြစ်သည်။ နှစ်နိုင်ငံဆက်ဆံမှု မရှည်ကြာသေးသော်လည်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်ယုံကြည်မှု အပြည့်အဝရှိသည့် မိတ်ကောင်းဆွေကောင်းနိုင်ငံဖြစ်သည်။ ၂၀၂၅ ခုနှစ်အတွင်း နှစ်နိုင်ငံခေါင်းဆောင် နှစ်ဦးအနေဖြင့် ခြောက်ကြိမ်တိုင် တွေ့ဆုံခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် ၂၀၂၅ ခုနှစ် မတ်လအတွင်း ဘယ်လာရုစ်နိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်နှင့် ဇွန်လအတွင်း စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ခရီးစဉ်အတွင်း ဘယ်လာရုစ်သမ္မတကြီး မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ နွေးထွေးပျူငှာလှိုက်လှဲစွာ လက်ခံတွေ့ဆုံခဲ့မှုမှာ နှလုံးသားချင်းနီးသည့် အမှတ်လက္ခဏာ ပေါ်လွင်နေ”

မိတ်ကောင်းဆွေကောင်းဆိုသည်မှာ အသွေးမတူအသားမတူသော်လည်း၊ အနေဝေးသော်လည်း၊ ယခုမှ ခင်မင်ရင်းနှီးရသော်လည်း ကိုယ်နှင့်ထပ်တူ စိတ်တူကိုယ်မျှ အေးအတူ၊ ပူအမျှ တစ်သွေးတည်း တစ်သားတည်းကဲ့သို့ ပေါင်းသင်းနေထိုင် ဆက်ဆံတတ်သော သူမျိုးဖြစ်သည်။ အကျိုးစီးပွားများကို မျှဝေခံစားလိုစိတ်ရှိသော စိတ်ကောင်းစေတနာ ကောင်းရှိသူဟုလည်း ဆိုချင်သည်။ ကျွန်တော်တို့ လူသားများဘဝတွင် ထိုသို့မိတ်ကောင်းဆွေကောင်း များနှင့်လည်း ကြုံဖူးသည်။ နှစ်ပေါင်းရှည်ကြာ ရင်းနှီးခဲ့သည့် မိတ်ကောင်းများလည်း ဆုံဖူးသည်။ အနေနီးသော်လည်း မိတ်ဆွေတု၊ မိတ်ဆွေယောင် များနှင့်လည်း ကြုံဖူးသည်။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အနေဖြင့်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။

ဘယ်လာရုစ်နိုင်ငံသည် ဥရောပအရှေ့ပိုင်းတွင် တည်ရှိပြီး ကုန်းတွင်းပိတ်နိုင်ငံတစ်ခု ဖြစ်သည်။ နိုင်ငံငယ်သော်လည်း စက်မှုနိုင်ငံဖြစ်သည်။ စက်မှု၊ ဆေးဝါး၊ နည်းပညာ၊ ပညာရေး၊ စိုက်ပျိုးရေးတို့တွင် အဆင့်မြင့်ပညာရပ်များ ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့သည် မိုင်ပေါင်းထောင်ချီ ဝေးကွာသည်။ အချိန်ကာလ ရှည်ကြာစွာ ဆက်ဆံခဲ့သည့် နိုင်ငံမဟုတ်ပေ။ လွန်ခဲ့သည့် ၂၆ နှစ်၊ ၁၉၉၉ ခုနှစ်မှစတင်၍ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့သည်။ အစောပိုင်းကာလက နှစ်နိုင်ငံဆက်ဆံမှု နည်းပါးခဲ့သော်လည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ နိုင်ငံတော်ကို တာဝန်ယူခဲ့သည့် ယခုနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အစိုးရအဖွဲ့ လက်ထက်တွင် နှစ်နိုင်ငံအစိုးရချင်း ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ နက်ရှိုင်းလာခဲ့သည်။

### နှလုံးသားချင်းနီး

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံသည် တည်နေရာ အနေအထားအရ အလှမ်းဝေးကွာသော်လည်း သံတမန်ဆက်ဆံရေးနှင့် စစ်ဘက်သံတမန်ဆက်ဆံ ရေး နှစ်မျိုးစလုံးရှိသောနိုင်ငံများဖြစ်သည်။ နှစ်နိုင်ငံ ဆက်ဆံမှု မရှည်ကြာသေးသော်လည်း ချစ်ကြည် ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်ယုံကြည်မှု အပြည့်အဝရှိသည့် မိတ်ကောင်းဆွေကောင်းနိုင်ငံ ဖြစ်သည်။ ၂၀၂၅ ခုနှစ်အတွင်း နှစ်နိုင်ငံခေါင်းဆောင် နှစ်ဦးအနေဖြင့် ခြောက်ကြိမ်တိုင် တွေ့ဆုံခဲ့ပြီးဖြစ် သည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် ၂၀၂၅ ခုနှစ် မတ်လအတွင်း ဘယ်လာရုစ်နိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင် ချစ်ကြည်ရေးခရီးစဉ်နှင့် ဇွန်လအတွင်း စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ်သို့တက်ရောက်ရန် ခရီးစဉ်အတွင်း ဘယ်လာရုစ်သမ္မတကြီး မစ္စတာ အလက်ဇန္ဒားလူကာရှန်ကို၏ နွေးထွေးပျူငှာလှိုက်လှဲ စွာ လက်ခံတွေ့ဆုံခဲ့မှုမှာ နှလုံးသားချင်းနီးသည့် အမှတ်လက္ခဏာ ပေါ်လွင်နေသည်။

ယခုတစ်ဖန် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်။ ဘယ်လာရုစ် အထူးလေယာဉ် မြန်မာနိုင်ငံလေပိုင်နက်အတွင်းသို့ စတင်ဖြတ်သန်း ဝင်ရောက်လာချိန်တွင် မြန်မာ့တပ်မတော်(လေ)မှ စတုတ္ထမျိုးဆက်လွန် Su-30 SME ဘက်စုံသုံး အကြီးစား ဂျက်တိုက်လေယာဉ် သုံးစင်းက လိုက်ပါခြံရံပျံသန်း ကြိုဆိုခဲ့သည်။ နေပြည်တော်လေဆိပ်သို့ ညချမ်း အချိန် ရောက်ရှိဆင်းသက်လာရာတွင် ဘယ်လာရုစ် သမ္မတနိုင်ငံသမ္မတမစ္စတာအလက်ဇန္ဒားလူကာရှန်ကို ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံ့ခေါင်းဆောင်များ အား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ကော်ဇောနီ လမ်းတစ်လျှောက်ခင်း၍ ကြိုဆိုခဲ့သည်။

### သမိုင်းဝင်ခရီးစဉ်

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့၏ သံတမန်ဆက်ဆံမှုမှာ ၂၆ နှစ်တာကာလသို့ ရောက်ရှိ ခဲ့ပြီဖြစ်သည်။ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် ဘယ်လာ ရုစ်သမ္မတနိုင်ငံသမ္မတ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး နှစ်ကြိမ် သွားရောက်ခဲ့ပြီးဖြစ်သည်။ ယခုအခါ ဘယ်လာရုစ် သမ္မတနိုင်ငံ သမ္မတကြီး မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး ခရီးလာရောက်ခြင်းဖြစ်ရာ ယခုခရီးစဉ်သည် နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု ၂၆ နှစ်ကာလအတွင်း ဘယ်လာရုစ် သမ္မတနိုင်ငံမှ သမ္မတတစ်ဦး၏ ပထမဆုံးသမိုင်းဝင် ခရီးစဉ်အဖြစ် မှတ်တမ်းတင်ရမည်ဖြစ်သည်။

ချစ်ကြည်ရေးခရီးရောက်ရှိစဉ်အတွင်း နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌက “မိမိတို့ နှစ်နိုင်ငံသည် တည်နေရာအနေအထားအရ အလှမ်းဝေးကွာ သော်လည်း သံတမန်ဆက်ဆံရေးနှင့် စစ်ဘက် သံတမန်ဆက်ဆံရေး နှစ်မျိုးလုံးရှိသော နိုင်ငံများ ဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် နားလည် ယုံကြည်မှုအပြည့်အဝရှိသည့် မိတ်ဆွေကောင်းနိုင်ငံ များဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး တည်ထောင်မှုသည် ယခုအခါ ၂၆ နှစ်ကျော်ခဲ့ပြီ ဖြစ်ပြီး အဆိုပါ အခါသမယအတွင်း နှစ်နိုင်ငံဆက်ဆံ ရေးသည် သိသာထင်ရှားစွာ တိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ အနာဂတ်ကာလတွင် လည်း ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန် မိမိအနေဖြင့် သန္နိဋ္ဌာန်ချထားပါကြောင်း၊ မြန်မာ နိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် နှစ်နိုင်ငံချင်း သော်လည်းကောင်း၊ နိုင်ငံတကာ မျက်နှာစာတွင် လည်းကောင်း အကူအညီများ တစိုက်မတ်မတ် ပေးအပ်ခဲ့သည့်အတွက် ကျေးဇူး တင်ရှိပါကြောင်း” ပြောကြားခဲ့သည်။

### ဖွံ့ဖြိုးတိုးတက်လာမည်

ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတက “မိမိတို့ နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး အမြဲ တံခါးဖွင့်ထားပါကြောင်း၊ မြန်မာနိုင်ငံနှင့် ပူးပေါင်း ဆောင်ရွက်မှုများ ဆောင်ရွက်ချိန်တွင် မည်သည့် ပြင်ပနှောင့်ယှက်စွက်ဖက်မှုများ ရှိနေပါစေ၊ တစိုက်မတ်မတ်ဖြင့် ဆက်လက်ပူးပေါင်းဆောင် ရွက်သွားမည်ကို ပြောကြားလိုပါကြောင်း၊ မိမိတို့ နိုင်ငံမှ တာဝန်ရှိသည့်ဝန်ကြီးများ၊ မြန်မာနိုင်ငံမှ တာဝန်ရှိသည့်ဝန်ကြီးများ ပူးပေါင်း၍ စီးပွားရေးဖိုရမ် များကျင်းပခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါ ကြောင်း၊ ထိုမှတစ်ဆင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက် မှုများ အောင်မြင်စေရေးနှင့် ရလဒ်ကောင်းများ ရရှိစေရေး ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မိမိတို့ အနေဖြင့် ယနေ့တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ(၂၀၂၆ -၂၀၂၈)ကို လက်မှတ်ရေးထိုးသွားမည် ဖြစ်ပါကြောင်း၊ အဆိုပါ လမ်းပြမြေပုံ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်သည့် အချက်များစွာပါဝင်ကြောင်း၊ အဆိုပါ လမ်းပြမြေပုံအတိုင်း ဆောင်ရွက်သွားမည် ဆိုပါက နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုအောင်မြင်နိုင်မည်ဖြစ်ပါ ကြောင်း၊ နှစ်နိုင်ငံ စက်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီး လှုပ်ခတ် ခဲ့စဉ်က ဘယ်လာရုစ်သမ္မတနိုင်ငံက ငလျင်ဘေး ဒဏ်သင့်ဒေသများတွင် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကူအညီများ ဆောင်ရွက်ပေးခဲ့သည်။ နှစ်နိုင်ငံအကြား နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ စက်မှု၊ စိုက်ပျိုးရေးနှင့် အစားအစာ၊ ကျန်းမာရေး၊ ဆေးဝါး၊ ပညာရေးနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်း ဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်လျက် ရှိပြီး ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည် ယုံကြည်မှုများ တိုးမြင့်လာသည်။ သံတမန်ဆက်ဆံမှု မြှင့်တင်နိုင်ရေးအတွက် မင့်စ်မြို့ရှိ မြန်မာကောင်စစ် ဝန်ချုပ်ရုံးအား သံရုံးအဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက် လျက်ရှိသည်။ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ သည်။ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးမွေးမြူရေး၊ အားကစား၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ စွမ်းအင်၊ စက်မှု၊ ခရီးသွားလုပ်ငန်း၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် ကဏ္ဍပေါင်းစုံ တို့တွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

### ယုံကြည်လက်ခံအားပေး

မြန်မာနိုင်ငံတွင် မကြာမီကာလအတွင်း လွတ်လပ်၍ ပွင့်လင်းမြင်သာသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပပြုလုပ် တော့မည်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံ နိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများအပါအဝင် ပြည်တွင်း၊ ပြည်ပ စောင့်ကြည့်လေ့လာသူများကို ဖိတ်ခေါ်ထားရှိ ပြီးဖြစ်သည်။ ဘယ်လာရုစ်သမ္မတနိုင်ငံအနေဖြင့် လည်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ များ စေလွှတ်ပေးသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ အစိုးရအနေဖြင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိ ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ကမ္ဘာ့နိုင်ငံများကို နှောင့်ယှက်အန္တရာယ်ပေးလျက်ရှိ သည့် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကို လည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ အင်တိုက်အားတိုက် တိုက်ဖျက်ဆောင်ရွက်လျက် ရှိသည်။ ထိုအခြေအနေနှင့်ပတ်သက်၍ ဘယ်လာရုစ် နိုင်ငံအနေဖြင့် ယုံကြည်လက်ခံအားပေးခဲ့သည်။

စာမျက်နှာ ၁၁ သို့ »»

> “မြန်မာနိုင်ငံတွင် မကြာမီကာလအတွင်း လွတ်လပ်၍ ပွင့်လင်းမြင်သာသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တစ်ရပ်ကို ကျင်းပပြုလုပ်တော့မည်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများအပါအဝင် ပြည်တွင်း၊ ပြည်ပ စောင့်ကြည့်လေ့လာသူများကို ဖိတ်ခေါ်ထားရှိပြီးဖြစ်သည်။ ဘယ်လာရုစ်သမ္မတနိုင်ငံအနေဖြင့်လည်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ စေလွှတ်ပေးသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်တွင်းတည်ငြိမ် အေးချမ်းမှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ကမ္ဘာ့နိုင်ငံများကို နှောင့်ယှက်အန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အင်တိုက်အားတိုက် တိုက်ဖျက် ဆောင်ရွက်လျက်ရှိသည်။ ထိုအခြေအနေနှင့်ပတ်သက်၍ ဘယ်လာရုစ်နိုင်ငံအနေဖြင့် ယုံကြည်လက်ခံအားပေးခဲ့”

»» စာမျက်နှာ ၁၀ မှ

မြန်မာနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီသည့် နိုင်ငံရေးစနစ်ကို ကျင့်သုံးရာတွင် ဘယ်လာရုစ်နိုင်ငံ အနေဖြင့် ထောက်ခံအားပေး ကူညီမှုများအတွက် ကျေးဇူးတင်ရမည်ဖြစ်သည်။ ရွေးကောက်ပွဲကျင်းပပြီးချိန်၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ထားသည်။ ယခုခရီးစဉ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ရာ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာများ၊ အကောက်အခွန်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ ပို့ကုန်ချေးငွေမူဘောင်သဘောတူညီချက်နှင့် နိုင်ငံတော်အဆင့် စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း၊ တိကျစွာတိုင်းတာခြင်းနှင့် အသိအမှတ်ပြုခြင်းနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာများ၊ တရားမဝင်နှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေရေးရာအပြန်အလှန်အကူအညီပေးရေး သဘောတူစာချုပ်နှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာနားလည်မှု စာချွန်လွှာများကို လက်မှတ်များ ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

### စာချုပ် ၁၆ စောင်လဲလှယ်

ဘယ်လာရုစ်သမ္မတ မြန်မာနိုင်ငံသို့ မရောက်ရှိမီ နိုဝင်ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းကလည်း မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် နှစ်နိုင်ငံကုန်သည် စက်မှုအသင်းများ ဖြစ်သည့် UMFCCI နှင့် BelCCI တို့ပူးပေါင်း၍ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်ကို ရန်ကုန်မြို့ LOTTEE ဟိုတယ်၌ ကျင်းပခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် စုစုပေါင်း လူဦးရေ ၁၃၀ ခန့် တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး၊ နှစ်နိုင်ငံအကြီးအကဲများ၏ မဟာဗျူဟာမြောက်လမ်းညွှန်ချက်နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာ-ဘယ်လာရုစ် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) ဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဘောင်များ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် EAEU ဈေးကွက်သို့ ချိတ်ဆက်နိုင်မည့် အခြေအနေများကို အဓိကဆွေးနွေးခဲ့ကြပြီး မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများက သဘောတူလက်မှတ်ရေးထိုးခြင်း အစီအစဉ်ကို ဆောင်ရွက်ခဲ့ပြီး စုစုပေါင်းစာချုပ် ၁၆ စောင် အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

### သဘောတူလက်မှတ်ထိုး

ထို့အပြင် မြန်မာ-ဘယ်လာရုစ် ပူးတွဲကော်မတီဥက္ကဋ္ဌများ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် သီးခြားတွေ့ဆုံကာ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ တတိယအကြိမ် ပူးတွဲကော်မတီ ညှိနှိုင်းအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး ကိစ္စများအတွက် ဦးတည်ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ မြန်မာ-ဘယ်လာရုစ် ဖွံ့ဖြိုးမှု၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)နှင့် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးဆိုင်ရာ ကိစ္စရပ်များအပေါ် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

အလားတူစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဘယ်လာရုစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် အစားအစာဝန်ကြီးနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးထုတ်ကုန်များနှင့် စားသောက်ကုန်များ အပြန်အလှန်ကုန်သွယ်မှု တိုးတက်ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ဆန်၊ ရော်ဘာ၊ အခွံမာသီး၊ သစ်သီးဝလံနှင့် ကော်ဖီတို့ကို တင်ပို့နိုင်ရေးနှင့် ဘယ်လာရုစ်နိုင်ငံမှ ဒိန်ခဲနှင့် ထောပတ် တင်သွင်းနိုင်ရေးကိစ္စရပ်များကို လည်းကောင်း၊ တင်ပို့/တင်သွင်းဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံပုဂ္ဂလိက လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ပေးရေးနှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ် ဆောင်ရွက်ရေးကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

### ဈေးကွက်ရရှိရေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရန်အတွက် ပူးတွဲဆောင်ရွက်ရေးဆိုင်ရာ ရည်ရွယ်သည့်စာလွှာ (Memorandum of Intent-MoI)ကို လက်မှတ်ရေးထိုးပြီးဖြစ်ခြင်းကြောင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အဆိုပါ MoI နှင့် Road map တို့အပေါ် အခြေခံ၍ မြန်မာနိုင်ငံ၏ အလားအလာရှိသည့် စက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို လည်းကောင်း၊ မြန်မာနိုင်ငံတွင် အဓိကလိုအပ်နေသည့် ကင်ဆာရောဂါ ကုသဆေးဝါးများ ထုတ်လုပ်နိုင်ရေးနှင့် ကင်ဆာရောဂါ ကုသဆေးဝါးထုတ်လုပ်မှု နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုများ၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ သင်ကြားလေ့ကျင့်မှုများ ကိစ္စရပ်များကို လည်းကောင်း၊ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း၊ MSME ဖွံ့ဖြိုးရေးနှင့် နှစ်နိုင်ငံ MSME ထွက်ကုန်များ ဈေးကွက်ရရှိရေး ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထူးခြားမှုအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နှစ်နိုင်ငံအကြား သံတမန်ချစ်ကြည်ရင်းနှီးမှု အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ရည်ရွယ်၍ ဘယ်လာရုစ်သမ္မတနိုင်ငံ၏ မြို့တော် "မင့်စ် မြို့"၏ အမည်အားရာဇသင်္ဂဟလမ်းမကြီးနှင့် ဇမ္ဗူကျက်သရေလမ်းမကြီးကို ဆက်သွယ်ထားသော လမ်း၏အမည်အဖြစ် ဂုဏ်ပြုသတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး၏ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး ခရီးစဉ်အတွင်း ယခုကဲ့သို့ "မင့်စ်လမ်း"အဖြစ် လမ်းအမည် သတ်မှတ်ခေါ်တွင်စေခဲ့ခြင်းသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုအဖြစ်လည်းကောင်း၊ နိုင်ငံအနာဂတ်တွင် ထင်ရှားသည့် နိုင်ငံတကာအထိမ်းအမှတ် လက္ခဏာအဖြစ် လည်းကောင်း ဂုဏ်ယူဖွယ် တွေ့မြင်နိုင်မည်ဖြစ်သည်။

### မိတ်ကောင်းဆွေကောင်း

အချုပ်အားဖြင့်ဆိုပါလျှင် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေး ၂၆ နှစ်တာကာလတွင် မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်ခဲ့သည့် ဘယ်လာရုစ်သမ္မတနိုင်ငံမှ နိုင်ငံတော်အကြီးအကဲ၏ တစ်ညတစ်ရက်တာ ခရီးစဉ်သည် အချိန်အားဖြင့်တိုတောင်းလှသော်လည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အလွန်ကျယ်ပြန့်နက်ရှိုင်းစွာဖြင့် ဆောင်ရွက်နိုင်ခဲ့သည့် ပထမဆုံးသမိုင်းဝင် ခရီးစဉ်အဖြစ်မော်ကွန်းရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။ ၂၀၂၅ ခု ယခုနှစ်သည် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအတွက် အမှတ်တရများစွာရှိခဲ့ပြီး နှစ်နိုင်ငံအကြား သမိုင်းမှတ်တိုင်အသစ်များ စိုက်ထူနိုင်သည့် နှစ်တစ်နှစ်လည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဘယ်လာရုစ်နိုင်ငံက အသိအမှတ်ပြုသလိုဘယ်လာရုစ်နိုင်ငံက မြန်မာနိုင်ငံအပေါ်ထားရှိသည့် စေတနာများကိုလည်း မြန်မာနိုင်ငံက အသိအမှတ်ပြု ကျေးဇူးတင်လျက်ရှိသည်။ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့သည် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး အချိန်မကြာရှည်သေးသော်လည်း၊ နှစ်နိုင်ငံ အနေဝေးသော်လည်း သွေးချင်းနီးသည့် မိတ်ကောင်း ဆွေကောင်း နိုင်ငံကောင်းအဖြစ် မြန်မာတို့၏ နှလုံးသားတွင် မှတ်တမ်းတင်ထားမည် ဖြစ်ပါကြောင်း။ ။



## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ မဲစာရင်းပြည့်စုံမှန်ကန်စေရေး ကွင်းဆင်းစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများ မှန်ကန်ပြည့်စုံစေရေးအတွက် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်း စစ်ဆေးခဲ့သည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ရပ်ကွက်များအတွင်းသို့ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ အဆိုပါ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် မဲဆန္ဒရှင်ဦးရေနှင့် ၎င်းအိမ်ရှိ မဲပေးခွင့်ရှိသူတို့အား တိုက်ဆိုင်စစ်ဆေးခြင်း၊ အိမ်ထောင်စုတွင် မဲပေးပိုင်ခွင့်ရှိသူဖြစ်ပါလျက် မဲစာရင်းတွင်ပါဝင်ခြင်းမရှိသေးကြောင်း စစ်ဆေးတွေ့ရှိပါက မဲစာရင်းတွင် ထည့်သွင်းနိုင်ရေး ပုံစံ(၃)ဖြင့် တောင်းဆိုလျှောက်ထားစေခြင်း စသည်တို့ကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**အေးမဥ္ဇူ**

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ်ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမှုမြဲအောက် လျော့နည်းနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်ခန့်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် တစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အောက်လျော့နည်းနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ငါးရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တစ်ရက်မှ လေးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ငဝန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ **မိုး/ဇလ**

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဗင်နီဇွဲလားနိုင်ငံ၏ လေပိုင်နက်ကို အလုံးစုံပိတ်ထားသင့်ဟု ပြောကြား

**ဝါရှင်တန် နိုဝင်ဘာ ၃၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဗင်နီဇွဲလားနိုင်ငံ၏ လေပိုင်နက်ကို အလုံးစုံပိတ်ထားသင့်ကြောင်း ယနေ့ ပြောကြားခဲ့သည်။

မူးယစ်ဆေးဝါးရောင်းဝယ်သူများနှင့် လူကုန်ကူးသူများဝင်ရောက်မှုမရှိစေရန်အတွက် ဗင်နီဇွဲလားလေကြောင်းလိုင်းများ၊ လေယာဉ်မှူးများအပါအဝင် လေပိုင်နက်အလုံးစုံကို ပိတ်ပင်ထားရန်လိုအပ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့သည်။

အမေရိကန်နှင့် ဗင်နီဇွဲလားနှစ်နိုင်ငံကြား ဆက်ဆံရေးတင်းမာနေချိန်တွင် သမ္မတ ထရမ့်က ယခုကဲ့သို့ မှတ်ချက်ပေးခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာလအစောပိုင်းကတည်းက ပင်တဂွန်စစ်ဌာနချုပ်က ကာရေဘီယံနှင့် အရှေ့ပစိဖိတ်ဒေသရှိ မူးယစ်ဆေးဝါးသယ်ဆောင်သည်ဟု ယူဆရသည့် သင်္ဘောများကို တိုက်ခိုက်မှုပေါင်း ၂၀ ကျော် ပြုလုပ်ခဲ့ပြီး အဆိုပါတိုက်ခိုက်မှုအတွင်း ၈၀ ကျော် သေဆုံးခဲ့သည်။ အမေရိကန်တပ်မတော်က ကာရေဘီယံပင်လယ်အတွင်း စွမ်းအားမြင့် လေယာဉ်တင်သင်္ဘော USS Gerald R. Ford ကို နိုဝင်ဘာလလယ်တွင် ဖြန့်ကျက်ထားခြင်းဖြင့် အနည်းဆုံး ဆယ်စုနှစ် သုံးခုအတွင်း ပထမဆုံးအဖြစ် ထူးခြားသော ကာကွယ်ရေးအင်အားကို အဆင့်မြှင့်တင်ထားကြောင်း သိရသည်။

ဗင်နီဇွဲလားနိုင်ငံ၌ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသည့် ကွန်ရက်များကို မကြာမီ ဖမ်းဆီးအရေးယူမည်ဖြစ်ကြောင်း သမ္မတ ထရမ့်က ပြောကြားခဲ့သည်။

ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရိုက မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုတွင် ၎င်းအနေဖြင့် ပါဝင်ပတ်သက်မှုမရှိကြောင်း ငြင်းဆိုထားပြီး ဗင်နီဇွဲလားတွင် အစိုးရအပြောင်းအလဲကို တွန်းအားပေးသည့် အကြောင်းပြချက်အဖြစ် ဝါရှင်တန်က လုပ်ကြံဖန်တီးနေကြောင်း ပြောကြားခဲ့သည်။




**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ဂါဇာကမ်းမြောင်၌ လက်ရှိအချိန်အထိ သေဆုံးသူပေါင်း ၇၀၁၀၀ ရှိ

**ဂါဇာစီးတီး နိုဝင်ဘာ ၃၀**

အစ္စရေးတပ်ဖွဲ့နှင့် ဟားမတ်စ်အဖွဲ့တို့ကြား တိုက်ပွဲများစတင်သည့်အချိန်မှစပြီး လက်ရှိအချိန်အထိ သေဆုံးသူပေါင်း ၇၀၁၀၀ ရှိကြောင်း ဂါဇာကမ်းမြောင်ဒေသရှိ ကျန်းမာရေးအာဏာပိုင်များက ယမန်နေ့တွင် ပြောကြားခဲ့သည်။

အပစ်အခတ်ရပ်စဲရေး စတင်အသက်ဝင်သည့် အောက်တိုဘာ ၁၀ ရက်မှစ၍ ၃၅၄ ဦး သေဆုံးခဲ့ကြောင်းလည်း ၎င်းတို့က ပြောကြားသည်။

ပျက်စီးသွားသော အဆောက်အအုံများနှင့် အခြားနေရာများတွင် မြှုပ်နှံထားသော ရုပ်အလောင်းများကို ရှာဖွေဖော်ထုတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အလောင်းပေါင်း ၆၀၀ ကျော်ကို ဆယ်ယူရရှိထားကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။



အပစ်အခတ်ရပ်စဲပြီး နောက်ပိုင်း ဟားမတ်စ်သည် သဘောတူညီချက်ကို ချိုးဖောက်သည်ဟု အစ္စရေးက စွပ်စွဲထားပြီး မကြာခဏတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေခြင်းကြောင့် ဂါဇာတွင် သေဆုံးသူဦးရေ မြင့်တက်လျက်ရှိသည်။

ဂါဇာတောင်ပိုင်းရှိ ခန်ယူနစ်မြို့အနီးတွင် ယမန်နေ့က ဖြစ်ပွားခဲ့သည့် အစ္စရေးတို့၏ တိုက်ခိုက်မှုအတွင်း ညီအစ်ကိုနှစ်ဦး သေဆုံးခဲ့ကြောင်း ပါလက်စတိုင်းမီဒီယာများက ဖော်ပြသည်။ ၎င်းတို့နှစ်ဦးသည် ထင်းခွေနေစဉ် အစ္စရေးဒရုန်းတစ်စီးက တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ ဘာသာပြန် – အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ တုပ်ကွေးရောဂါဖြစ်ပွားသူ အရေအတွက် မြင့်တက်လျက်ရှိ

**တိုကျို နိုဝင်ဘာ ၃၀**

ဂျပန်နိုင်ငံ၌ တုပ်ကွေးရောဂါဖြစ်ပွားသူ အရေအတွက်သည် ပိုမိုလျင်မြန်စွာ မြင့်တက်လျက်ရှိပြီး ကလေးငယ်များအကြား ကူးစက်မှု အဆိုးရွားဆုံးဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်း တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၁၉၆၈၉၅ ဦးရှိကြောင်း ဂျပန်ကျန်းမာရေးအင်စတီကျူက ပြောကြားခဲ့သည်။ တုပ်ကွေးရောဂါဖြစ်ပွားသူ အရေအတွက်သည် ယခင်သီတင်းပတ်၏ကိန်းဂဏန်းထက် ၁ ဒသမ ၃၅ ဆ ပိုမိုများပြားကြောင်း ဂျပန်ကျန်းမာရေးအင်စတီကျူက ပြောကြားသည်။

နိုဝင်ဘာ ၁ ရက်မှ ၉ ရက်အထိ တုပ်ကွေးရောဂါဖြစ်ပွားသူ ၈၄၁၈၃ ဦးအနက် ၈၀ ရာခိုင်နှုန်းခန့်သည် အသက် ၂၀ အောက်များဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

တိုကျိုနှင့် ဆိုတာမာစီရင်စုရှိ ဆေးရုံအချို့တွင် တုပ်ကွေးရောဂါကူးစက်ခံရသော ကလေးဦးရေ တိုးပွားလာခြင်းကြောင့် ခုတင်များ ပြတ်လပ်နေကြောင်း နီဂါတာတက္ကသိုလ်မှ ကလေးအထူးကု ပါမောက္ခ ဆိုင်တိုအာကီဟီကိုက ပြောကြားခဲ့သည်။ အချို့မှာ ဦးနှောက်ရောင်ရောဂါ ဖြစ်ပေါ်လာပြီး ပြင်းထန်သောအခြေအနေတွင် ရှိနေသည်။

လူများစုဝေးရာ နေရာများတွင် နှာခေါင်းစည်းများ ဝတ်ဆင်ရန်၊ လက်ကို မကြာခဏဆေးကြောရန်နှင့် တုပ်ကွေးရောဂါ ပြင်းထန်စွာ မဖြစ်ပွားစေရန် ကာကွယ်ဆေးထိုးရန်လိုအပ်ကြောင်း ပါမောက္ခ ဆိုင်တိုအာကီဟီကိုက တိုက်တွန်းပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ကမ္ဘာ့နိုင်ငံများ၌ သဘာဝဘေးများဖြစ်ပွား

## အင်ဒိုနီးရှား၌ ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းဖြစ်

**ဂျကာတာ နိုဝင်ဘာ ၃၀**

အင်ဒိုနီးရှားနိုင်ငံ ဆူမာတြားဒေသတွင် နိုဝင်ဘာ ၂၈ ရက်က ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းများဖြစ်ခဲ့သဖြင့် ဒေသခံ ၃၀၃ ဦး သေဆုံးပြီး ၂၇၉ ဦး ပျောက်ဆုံးခဲ့ကြောင်း အမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေးအေဂျင်စီက ပြောကြားသည်။

မြောက်ဆူမာတြားဒေသတွင်အသေအပျောက်အများဆုံးဖြစ်ကာ ၁၆၆ ဦး သေဆုံးပြီး အနောက်ဆူမာတြားဒေသတွင် ၉၀ သေဆုံးကာ ၈၅ ဦး ပျောက်ဆုံးနေကြောင်း ၎င်းအေဂျင်စီ တာဝန်ရှိသူ ဆူဟာရန်တိုက ပြောကြားသည်။

လက်ရှိအချိန်တွင် သဘာဝဘေးအခြေအနေဆိုးရွားလာသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရေးအတွက် တာဝန်ရှိသူများအား ညွှန်ကြားခဲ့သည်။

ဒေသတွင်းရှိ ဆက်သွယ်ရေးစနစ်များ ပြန်လည်ဆောင်ရွက်နိုင်ရေးနှင့် အကူအညီပေးရေးပစ္စည်းများ ဒေသခံများထံသို့ ရောက်ရှိရေးအတွက် တာဝန်ရှိသူများက ဆောင်ရွက်နေကြောင်း သိရသည်။

## ဗီယက်နမ်၌ တိုင်ဖွန်းမုန်တိုင်း ကိုတို ဝင်ရောက်တိုက်ခတ်

ဗီယက်နမ်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း ကိုတို ဝင်ရောက်တိုက်ခတ်ခြင်းကြောင့် တစ်ဦးထပ်မံသေဆုံးပြီး သုံးဦးပျောက်ဆုံးနေကြောင်း ဗီယက်နမ် နယူးစ်အေဂျင်စီက နိုဝင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

လန်ဒေါင်ပြည်နယ်တွင် လှေနစ်မြုပ်ခြင်းကြောင့် အမျိုးသားတစ်ဦးသေဆုံးခဲ့သည်။ ခန်ဟွာပြည်နယ်တွင်လည်း လေပြင်းတိုက်ခတ်ခြင်းနှင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်းကြောင့် ဒေသခံသုံးဦး ပျောက်ဆုံးခဲ့သည်။ ဒေသတွင်းပျက်စီးမှုတန်ဖိုး ဒေါ်လာ ၅၆ ဘီလီယံရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်ခြင်းကြောင့် လေယာဉ်ခရီးစဉ်အချို့ကို ရပ်နားခဲ့ရသည်။

## သီရိလင်္ကာ၌ ဆိုင်ကလုန်းမုန်တိုင်း ဒစ်ဝါ ဝင်ရောက်တိုက်ခတ်

သီရိလင်္ကာနိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်း ဒစ်ဝါ ဝင်ရောက်တိုက်ခတ်ခြင်းကြောင့် ၁၅၃ ဦး သေဆုံးကြောင်း သီရိလင်္ကာ သဘာဝဘေးစီမံခန့်ခွဲရေးစင်တာက ပြောကြားသည်။

နိုင်ငံအတွင်းရှိ ဒေသများမှ ဒေသခံ ၁၉၁ ဦး ပျောက်ဆုံးနေပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေကြောင်း ၎င်းစင်တာက ပြောကြားသည်။ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းများကြောင့် အိမ်ထောင်စု ၂၁၇၂၆၃ မှ ဒေသခံ ၇၇၄၇၂၄ ဦး ထိခိုက်ခဲ့ကြောင်း သိရသည်။ အိမ်ထောင်စု ၂၇၄၉၄မှ ဒေသခံ ၁၀၀၈၉၈ ဦးမှာ ကယ်ဆယ်ရေးစင်တာများတွင် နေထိုင်နေရသည်။

## ထိုင်းနိုင်ငံ၌ ရေဘေးသင့်ပြည်သူများအား အကူအညီများ ပေးအပ်မည်

ထိုင်းနိုင်ငံ ဆုန်ခလာပြည်နယ် ဟတ်ရိုင်ခရိုင်၌ ဖြစ်ခဲ့သည့် ရေကြီးရေလျှံမှုများအတွင်း လိုအပ်သည့်အကူအညီများ ပေးအပ်မည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် အနူတင် ချာဗီရာကားက နိုဝင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

ဟတ်ရိုင်ခရိုင်အတွင်း ရေကြီးရေလျှံမှုဖြစ်စဉ်အား သွားရောက်စစ်ဆေးရာတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒေသခံများအား ရေကြီးရေလျှံမှုဆိုင်ရာ ထောက်ပံ့ငွေများ အမြန်ဆုံးပေးနိုင်ရန်အတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။ ရေကြီးရေလျှံမှုအတွင်း အရေးပေါ်ဇုန်များအတွင်း ရောက်ရှိနေပြီး သေဆုံးခဲ့သူများကို တစ်ဦးလျှင် ဘတ်နှစ်သန်း ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား–ဗန်ကောက်ပို့စ်၊ ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**


တရားမဝင် နိုင်ငံခြားသားများထားရှိသည့် တစ်ထပ်တိုက်အဆောက်အအုံကို ဝင်ရောက်ရှင်းလင်းစဉ်။


တရားမဝင် နိုင်ငံခြားသားများထားရှိသည့် ခြောက်ထပ်တိုက်အဆောက်အအုံကို ဝင်ရောက်ရှင်းလင်းစဉ်။


တရားမဝင် နိုင်ငံခြားသားများထားရှိသည့် ခုနစ်ထပ်တိုက်အဆောက်အအုံကို ဝင်ရောက်ရှင်းလင်းစဉ်။

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံ ၂၇၆ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၁၉ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်

နေပြည်တော် နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အား ဖောက်ခွဲဖျက်ဆီးနေမှု အပိုင်း(၃)။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ–မဲ့ထော်သလေး (KK Park) အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများဖြစ်သော နှစ်ထပ်အဆောက်အအုံ သုံးလုံး၊ လေးထပ်အဆောက်အအုံ သုံးလုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ခြောက်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃) နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၂၈ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၂၇၆ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ လူနေအဆောက်အအုံများ၊ ဂိုဒေါင်များ၊ အားကစားရုံများ၊ မီးစက်ရုံများ၊ ဈေးဆိုင်ခန်းများ၊ စတိုခန်းများနှင့် အလုပ်သမားတန်းလျားများဖြစ်သော တစ်ထပ် အဆောက်အအုံ လေးလုံး၊ နှစ်ထပ်အဆောက်အအုံ ၆၃ လုံး၊ သုံးထပ်အဆောက်အအုံ ၁၇ လုံး၊ လေးထပ်အဆောက်အအုံ သုံးလုံး၊ ငါးထပ်အဆောက်အအုံ လေးလုံး၊ ခြောက်ထပ်အဆောက်အအုံ တစ်လုံး၊ ခုနစ်ထပ်အဆောက်အအုံ နှစ်လုံး၊ ကိုးထပ်အဆောက်အအုံ နှစ်လုံး၊ ၁၆ ထပ်အဆောက်အအုံ တစ်လုံးနှင့် ၁၉ ထပ်အဆောက်အအုံ တစ်လုံး စုစုပေါင်းတရားမဝင်အဆောက်အအုံ ၉၈ လုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ လုပ်ငန်းလုပ်ဆောင်ရာတွင်အသုံးပြုသည့် ပစ္စည်းများကိုလည်း တစ်ပါတည်းဖြုတ်သိမ်းယူဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအား နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ တရားမဝင် အဆောက်အအုံ ၁၄၀ ကို စစ်ဆေးတွေ့ရှိရပြီး အဆိုပါအဆောက်အအုံများကို ပြန်လည်အသုံးပြုမှု မရှိစေရေးအတွက် သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့အတွင် တရားမဝင်အဆောက်အအုံ ၁၈ လုံးကို ထပ်မံချိပ်ပိတ်သိမ်းဆည်းနိုင်ခဲ့ပြီး တရားမဝင်အဆောက်အအုံ စုစုပေါင်း ၁၁၉ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၉၅၄ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၃၁၀၊ မိုဘိုင်းဖုန်း ၂၁၈၇၀၊ Star Link ဘန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၄၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ကြောင်း၊ ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၉၁၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်လူနေအဆောက်အအုံ မဖြိုဖျက်မီ(အပေါ်ပုံ) နှင့် ဖြိုဖျက်ပြီး(အောက်ပုံ)ကို တွေ့ရစဉ်။



KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်နိုက်ကလပ်အဆောက်အအုံ မဖြိုဖျက်မီ(အပေါ်ပုံ) နှင့် ဖြိုဖျက်ပြီး(အောက်ပုံ)ကို တွေ့ရစဉ်။



KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်ဈေးဝယ်စင်တာအဆောက်အအုံ မဖြိုဖျက်မီ(အပေါ်ပုံ) နှင့် ဖြိုဖျက်ပြီး(အောက်ပုံ)ကို တွေ့ရစဉ်။

၂၀၂၅ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆောင်းပါး

# တိုးတက်ကာကွယ်၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါအန္တရာယ်


နှစ်စဉ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကမ္ဘာ့နိုင်ငံများမှ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ (World AIDS Day) ကိုကျင်းပကြပြီး အိပ်ချ်အိုင်ဗွီ (HIV)၏ လူသား၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများအပေါ် ပြန်လည်သုံးသပ်ကာ ကမ္ဘာ့အရှည်ကြာဆုံး ကျန်းမာရေးအရေးပေါ်အခြေအနေတစ်ရပ်ကို ရင်ဆိုင်ဖြေရှင်းရန် ကတိကဝတ်များကို အချိန်တိုးမြှင့်သတ်မှတ်ကြသည်။ ယခုနှစ်ဆောင်ပုဒ်မှာ "Overcoming Disruption, Transforming The AIDS Response" ဖြစ်ပါသည်။ ကမ္ဘာကြီးသည် ၂၀၂၅ ခုနှစ်သို့ ရောက်ရှိလာချိန်တွင် HIV ကာကွယ်ရေးနှင့်ပတ်သက်၍ အထူးခြားဆုံး တိုးတက်မှုများရှိခဲ့သော်လည်း HIV ကူးစက်ရောဂါတိုက်ဖျက်ရေးကို ဆက်လက်ဆောင်ရွက်ကြရဦးမည်ဖြစ်သည်။ သန်းပေါင်းများစွာသောလူများ ဆက်လက်၍ ဗိုင်းရပ်စ်နှင့်အတူ နေထိုင်နေကြရပြီး နေ့စဉ်နှင့်အမျှ ကူးစက်မှုအသစ်များဖြစ်ပေါ်နေကာ မညီမျှမှုများသည် ကာကွယ်ခြင်း၊ စစ်ဆေးခြင်းနှင့် ကုသခြင်း ဝန်ဆောင်မှုများ ရရှိနိုင်ရေးကို အဟန့်အတားဖြစ်နေဆဲဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ အစီရင်ခံစာများအရ HIV သည် ကပ်ရောဂါစတင်ချိန်မှစ၍ လူပေါင်း ၄၄ ဒသမ ၁ သန်း၏အသက်ကို ချွေယူခဲ့ပြီး ဖြစ်ကာ ဒေသတိုင်းတွင် ကူးစက်မှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ (SDG 3.3) နှင့် ခိုင်မာစွာ ချိန်ညှိထားသည့် ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများသည် ၂၀၃၀ ပြည့်နှစ်တွင် အေအိုင်ဒီအက်စ် (AIDS) ကို ပြည်သူ့ကျန်းမာရေး ခြိမ်းခြောက်မှုအဖြစ်မှ အဆုံးသတ်ရန် ရည်ရွယ်သည်။ သို့သော် ဤပန်းတိုင်ကို အရောက်လှမ်းနိုင်ရန်အတွက် ခိုင်မာသော ပြည်သူ့ကျန်းမာရေးစနစ်များ၊ ကုသမှုများကို တန်းတူရည်တူရရှိနိုင်မှုနှင့် လူ့အဖွဲ့အစည်းတိုင်းတွင် ပိုမိုမြင့်မားသော အသိပညာများ လိုအပ်သည်။

**၁။ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ HIV အခြေအနေ တိုးတက်မှုများရှိသော်လည်း ကပ်ရောဂါဆက်လက်တည်ရှိ**

၂၀၂၄ ခုနှစ်ကုန်အထိ WHO ၏ ခန့်မှန်းချက်များအရ ကမ္ဘာတစ်ဝန်းတွင် လူပေါင်း ၄၀ ဒသမ ၈ သန်းသည် HIV ကူးစက်ခံခဲ့ကြရသည်။ ဤကမ္ဘာလုံးဆိုင်ရာ ဝန်ထုပ်ဝန်ပိုး၏ ခန့်မှန်းခြေ ၆၅ ရာခိုင်နှုန်း (လူပေါင်း ၂၆ သန်းကျော်)သည် အာဖရိကဒေသတွင် နေထိုင်ကြရာ တိုက်ကြီးများအနှံ့တွင် ဖွဲ့စည်းပုံဆိုင်ရာ မညီမျှမှုများ ဆက်လက်တည်ရှိနေသည်ကို မီးမောင်းထိုးပြနေသည်။

ဆယ်စုနှစ်များစွာကြာ တိုးတက်မှုများရှိသော်လည်း ဤကပ်ရောဂါ ဆက်လက်ရှိနေဆဲဖြစ်သည်-




- ✦ ၂၀၂၄ ခုနှစ်တွင် လူပေါင်း ၁ ဒသမ ၃ သန်း HIV ကူးစက်ခံခဲ့ရသည်။
- ✦ ၂၀၂၄ ခုနှစ်တွင် လူပေါင်း ၆၃၀၀၀၀ သည် HIV ဆိုင်ရာ အကြောင်းရင်းများကြောင့် သေဆုံးခဲ့ရသည်။
- ✦ HIV သည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံတိုင်းတွင် ဆက်လက်တည်ရှိနေသည်။

ဤကိန်းဂဏန်းများသည် ကပ်ရောဂါပြီးဆုံးရန် အလှမ်းဝေးနေသေးကြောင်း ကျွန်ုပ်တို့အား သတိပေးနေသည်။ ကမ္ဘာလုံးဆိုင်ရာ ကုသမှုအဆင့်ဆင့် တိုးတက်မှုရှိသော်လည်း ကွာဟချက်များ ကျန်ရှိနေပါသည်။

၂၀၂၄ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ အောက်ပါတို့ကို အောင်မြင်ခဲ့သည်-

- ✦ HIV ပိုး ကူးစက်ခံထားရသူအားလုံး၏ ၈၇ ရာခိုင်နှုန်းသည် ၎င်းတို့၏ ရောဂါအခြေအနေကို သိရှိခဲ့ကြသည်။
- ✦ HIV ပိုးကူးစက်ခံထားရသူအားလုံး၏ ၇၇ ရာခိုင်နှုန်းသည် ဗိုင်းရပ်စ်နှိမ်နင်းရေးကုထုံး (ART) ကို ခံယူနေကြသည်။
- ✦ ၇၃ ရာခိုင်နှုန်းသည် ဗိုင်းရပ်စ်ကို ထိန်းချုပ်နိုင်ခဲ့ကြသည်။

အောက်ပါကိန်းဂဏန်းများသည် ၂၀၂၅ ခုနှစ်အတွက် ရည်မှန်းထားသည့် ၉၅-၉၅-၉၅ ရည်မှန်းချက်များအောက် လျော့နည်းနေသည်-

- ✦ HIV ကူးစက်ခံထားရသူ၏ ၉၅ ရာခိုင်နှုန်းသည် ၎င်းတို့၏ ရောဂါအခြေအနေကို သိရှိရန်
- ✦ ရောဂါရှာဖွေတွေ့ရှိသူများ၏ ၉၅ ရာခိုင်နှုန်းသည် ART ကို ခံယူရန်
- ✦ ART ခံယူနေသူများ၏ ၉၅ ရာခိုင်နှုန်းသည် ဗိုင်းရပ်စ်အား ထိန်းချုပ်နိုင်ရန်

HIV ဗိုင်းရပ်စ်ကို ထိန်းချုပ်နိုင်ခြင်းသည် အလွန်အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ဗိုင်းရပ်စ်ပမာဏတိုင်းတာမရနိုင်သူတစ်ဦးသည် လိင်မှတစ်ဆင့် HIV ကို မကူးစက်နိုင်တော့ခြင်း (U=U–Undetectable = Untransmittable–တိုင်းတာမရနိုင်လျှင် မကူးစက်နိုင်ဟု ကမ္ဘာနှင့်အဝှမ်း သိထားသည့် သိပ္ပံနည်းကျအောင်မြင်မှု) ကြောင့်ဖြစ်သည်။

**၂။ မြန်မာနိုင်ငံ၏ HIV အခြေအနေ- နောက်ဆုံးရအချက်အလက် (၂၀၂၃-၂၀၂၅)**

လုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများရှိသော်လည်း မြန်မာနိုင်ငံသည် HIV ရောဂါရှာဖွေခြင်းနှင့် ကုသမှုလွှမ်းခြုံမှုတွင် သိသာထင်ရှားသည့် တိုးတက်မှုများကို ထိန်းသိမ်းထားနိုင်ခဲ့သည်။

**မြန်မာနိုင်ငံ၌ ခန့်မှန်းခြေ HIV ဝန်ထုပ်ဝန်ပိုး**

UNAIDS၊ AIDS Data Hub၊ UN Myanmar နှင့် ICAP (ကိုလံဘီယာတက္ကသိုလ်) တို့ အပေါ် အခြေခံ၍ နောက်ဆုံးစုစည်းထားသော ခန့်မှန်းချက်များအရ-

- ✦ မြန်မာနိုင်ငံတွင် HIV ပိုးကူးစက်ခံထားရသူ (PLHIV) ခန့်မှန်းခြေ ၂၄၀၀၀၀-၂၈၀၀၀၀
- ✦ HIV ပိုးကူးစက်ခံထားရသူနှင့်အတူ နေထိုင်သည့် ကလေးများ (အသက် ၁၅ နှစ်အောက်) : ၁၁၀၀၀
- ✦ တစ်နှစ်လျှင် HIV ကူးစက်မှုအသစ်: ၁၁၀၀၀
- ✦ တစ်နှစ်လျှင် အေအိုင်ဒီအက်စ်ဆိုင်ရာ သေဆုံးမှုများ: ခန့်မှန်းခြေ ၇၀၀၀-၈၀၀၀ (ပုံစံထုတ်ခန့်မှန်းချက်များ)
- ✦ ART လွှမ်းခြုံမှု ၂၀၈၄၈၀ ဦး - PLHIV ၏ ခန့်မှန်းခြေ ၇၄ ရာခိုင်နှုန်း

**မြန်မာနိုင်ငံရှိ HIV ကပ်ရောဂါ၏ သဘာဝ**

မြန်မာနိုင်ငံ၌ ဤကပ်ရောဂါသည် အောက်ပါတို့တွင် ကူးစက်နှုန်းမြင့်မားစွာတွေ့ရသည့် ဂရုစိုက်ရမည့်ကပ်ရောဂါ (concentrated epidemic) အဖြစ် ကျန်ရှိနေသည်-

မူးယစ်ဆေးထိုးသူများ၊ အမျိုးသားချင်း လိင်ဆက်ဆံသူများ၊ လိင်လုပ်သားများနှင့် ၎င်းတို့၏ ဖောက်သည်များ၊ လိင်ပြောင်းလဲသူများဖြစ်သည်။ ဤလူဦးရေအုပ်စုများသည် ပိုမိုအားကောင်းသော ကာကွယ်ရေးဝန်ဆောင်မှုများ၊ အမည်းစက်ကင်းသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် စဉ်ဆက်မပြတ်ကုသမှုရရှိရန် လိုအပ်သည်။

**ဝန်ဆောင်မှုပေးရေးဆိုင်ရာ စိန်ခေါ်မှုများ**

လူမှုရေး၊ စီးပွားရေးနှင့် ပထဝီဝင်ဆိုင်ရာ အတားအဆီးများ (ဥပမာ- လူဦးရေ ရွှေ့ပြောင်းသွားလာမှု၊ ရန်ပုံငွေကွာဟချက်များ၊ ပဋိပက္ခဒဏ်ခံ ဒေသများတွင်ရရှိမှု အကန့်အသတ်များ) သည် စစ်ဆေးခြင်း၊ စောင့်ရှောက်မှုနှင့် အပြင်ရောက် ဝန်ဆောင်မှုများ၏ လွှမ်းခြုံမှုကို အဟန့်အတား ဖြစ်စေနိုင်သည်။ သို့သော်လည်း နိုင်ငံတော်အဆင့်နှင့် မိတ်ဖက်အဖွဲ့အစည်းများသည် မရှိမဖြစ်လိုအပ်သော HIV ဝန်ဆောင်မှုများကို ဆက်လက်ထိန်းသိမ်းကာ လုပ်ဆောင်လျက်ရှိသည်။

**ဒေါက်တာအောင်ထွဏ်း**

**၃။ HIV နှင့် AIDS ကို နားလည်ခြင်း**

**HIV: ကိုယ်ခံအားစနစ်ကို တိုက်ခိုက်သည့် ဗိုင်းရပ်စ်**

လူ့ခုခံအားကျဆင်းမှုဗိုင်းရပ်စ် (Human immunodeficiency virus- HIV) သည် ခန္ဓာကိုယ်၏သဘာဝကာကွယ်ရေးစနစ်များကို တိုက်ခိုက်ခြင်းဖြင့် အားနည်းစေသည် (CD4 cells ရောဂါများကို တိုက်ထုတ်ရန် မရှိမဖြစ်လိုအပ်သော သွေးဖြူဥများ)။

**AIDS: အဆင့်အမြင့်ဆုံး အခြေအနေ**

ကုသမှုမခံယူရသော HIV သည် နောက်ဆုံးတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (Acquired Immunodeficiency Syndrome- AIDS) အဖြစ်သို့ ပြောင်းလဲလာနိုင်ပြီး ပြင်းထန်သော ကူးစက်ရောဂါများနှင့် အချို့သောကင်ဆာများဖြင့် သတ်မှတ်ထားသည့် အသက်အန္တရာယ်ရှိသော အခြေအနေဖြစ်သည်။

**အဆင့်မြင့် HIV ရောဂါ (Advanced HIV Disease – AHD)**

WHO မှ AHD ကို အောက်ပါအတိုင်း သတ်မှတ်သည်-

- ✦ CD4 count သည် <၂၀၀ cells/$mm^3$ အောက်ရောက်ရှိခြင်း၊ သို့မဟုတ်
- ✦ WHO အဆင့် ၃ သို့မဟုတ် ၄ ဆိုင်ရာ ဆေးခန်းပြရောဂါလက္ခဏာများ ရှိနေခြင်း

အသက် ၅နှစ်အောက် HIV နှင့်အတူ နေထိုင်သော ကလေးအားလုံးကို ၎င်းတို့၏ ထိခိုက်လွယ်သော ကိုယ်ခံအားစနစ်များကြောင့် AHD ရှိသည်ဟု သတ်မှတ်သည်။

**၄။ HIV မည်သို့ကူးစက်ပြီး မည်သို့မကူးစက်သနည်း**

HIV သည် သွေး၊ သုက်ရည်၊ မိန်းမကိုယ်အရည်၊ စအိုအရည်၊ မိခင်နို့တို့မှတစ်ဆင့် ကူးစက်သည်။

ကူးစက်မှုသည် အောက်ပါတို့မှတစ်ဆင့် ဖြစ်ပွားသည်-

- ✦ အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်း
- ✦ ဆေးထိုးအပ်များ မျှဝေသုံးစွဲခြင်း
- ✦ ကိုယ်ဝန်ဆောင်စဉ်၊ မီးဖွားစဉ် သို့မဟုတ် နို့တိုက်ကျွေးစဉ် မိခင်မှ ကလေးသို့ ကူးစက်ခြင်း
- ✦ ရောဂါပိုးရှိသော သွေးသွင်းခြင်း
- ✦ ပိုးသတ်မထားသော ပစ္စည်းကိရိယာများဖြင့် ဆေးဘက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

**HIV သည် အောက်ပါတို့ဖြင့် မကူးစက်ပါ-**

နမ်းခြင်း သို့မဟုတ် ဖက်ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်း၊ အစားအစာများ၊ ခွက်များ၊ အဝတ်အစားများ သို့မဟုတ် အိမ်သာများ မျှဝေသုံးစွဲခြင်း၊ ခြင်များ သို့မဟုတ် အင်းဆက်ပိုးများ၊ သာမန်လူမှုဆက်ဆံရေးတို့မှ မကူးစက်နိုင်ပါ။

အယူအဆမှားများကို ဖယ်ရှားခြင်းသည် အမည်းစက်များကိုလျှော့ချရန်နှင့် စစ်ဆေးမှုခံယူခြင်းကို တိုးမြှင့်ရန် ကူညီပေးသည်။

**စာမျက်နှာ ၁၇ သို့** ❐

> HIV သည် ကပ်ရောဂါစတင်ချိန်မှစ၍ လူပေါင်း ၄၄ ဒသမ ၁ သန်း၏ အသက်ကို ချွေယူခဲ့ပြီးဖြစ်ကာ ဒေသတိုင်းတွင် ကူးစက်မှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ (SDG 3.3) နှင့် ခိုင်မာစွာ ချိန်ညှိထားသည့် ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများသည် ၂၀၃၀ ပြည့်နှစ်တွင် အေအိုင်ဒီအက်စ် (AIDS) ကို ပြည်သူ့ကျန်းမာရေး ခြိမ်းခြောက်မှုအဖြစ်မှ အဆုံးသတ်ရန် ရည်ရွယ်သည်။ သို့သော် ဤပန်းတိုင်ကို အရောက်လှမ်းနိုင်ရန်အတွက် ခိုင်မာသော ပြည်သူ့ကျန်းမာရေးစနစ်များ၊ ကုသမှုများကို တန်းတူရည်တူရရှိနိုင်မှုနှင့် လူ့အဖွဲ့အစည်းတိုင်းတွင် ပိုမိုမြင့်မားသော အသိပညာများ လိုအပ်

# ပိုင်ကျုံမြို့ ကြက်တူရွေးကျေးရွာ၌ ဒေါနအလင်း စာကြည့်တိုက် ဖွင့်လှစ်

**ဘားအံ နိုဝင်ဘာ ၃၀**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် စာကြည့်တိုက်ပေါင်းငါးခုကို တည်ထောင်ဖွင့်လှစ်သွားမည်ဖြစ်ရာ နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက လှိုင်းဘွဲမြို့နယ် ပိုင်ကျုံမြို့ ကြက်တူရွေးကျေးရွာ၌ စတုတ္ထမြောက်စာကြည့်တိုက်ဖြစ်သည့် ဒေါနအလင်းစာကြည့်တိုက်ကို ဖွင့်လှစ်ပေးသည်။



**ပေးအပ်ချီးမြှင့်**

အဆိုပါစာကြည့်တိုက်ကို ကရင်ပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုငွေကျပ်သိန်း ၂၀၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ်သိန်း ၅၀ ကျော်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေး၍ စာကြည့်တိုက်ဖွင့်ပွဲတွင် ပါဝင်အားဖြည့် ကူညီပေးကြသည့် ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် စာကြည့်တိုက်အတွင်း သုတ၊ ရသ စာအုပ်စာစောင်များ ခင်းကျင်းထားရှိမှု၊ ဒေသခံများ စာအုပ်စာပေ လာရောက်လေ့လာဖတ်ရှုနေမှုများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က စာကြည့်တိုက်များသည် လူတန်းစားမရွေး၊ အသက်ကြီးငယ်မရွေး၊ လူမျိုးဘာသာမခွဲခြားဘဲ ဗဟုသုတရှာမှီးရာ နေရာတစ်ခုဖြစ်ပြီး အနာဂတ်မျိုးဆက်သစ်လူငယ်များ စာပေဖတ်ရှုသည့် အလေ့အထ စွဲမြဲအောင် တိုက်တွန်းကြစေလိုကြောင်း ပြောကြား၍ စေတနာရှင်၊ အလှူရှင်များ ပေးအပ်လှူဒါန်းသည့် စာကြည့်တိုက်ငွေပဒေသာပင်များကို လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဒေါနအလင်းစာကြည့်တိုက်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကရင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းတို့က စာအုပ်စာစောင်ပေါင်း ၁၅၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ဘားအံခရိုင်အုပ်ချုပ်ရေးမှူးက စာကြည့်တိုက်ဆိုင်ရာ စာရွက်စာတမ်း၊ စာအုပ်စာစောင်နှင့် ပရိဘောဂများကို စာကြည့်တိုက်ကော်မတီဝင်တစ်ဦးထံ လွှဲပြောင်းပေးအပ်ကာ ကော်မတီဝင် ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ဆေးတက္ကသိုလ်(တောင်ကြီး) ဒုတိယအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၃၀**

ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်(တောင်ကြီး) ဒုတိယအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းက တောင်ကြီး တက္ကသိုလ်ဘက်စုံခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်(တောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပညာရေးအဖွဲ့ဝင်များ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဘွဲ့ရမောင်မယ်များ၏ မိဘဆွေမျိုးများနှင့် ဆေးပညာဘွဲ့ရ မောင်မယ်များက တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်အလံကို အလေးပြုကြပြီး ဆေးပညာဘွဲ့ရ မောင်မယ်များအား ဆေးတက္ကသိုလ် (တောင်ကြီး)ပါမောက္ခချုပ်က အမိဋ္ဌာန်ပြုကတိသစ္စာခံယူစေပြီး ဆေးပညာဘွဲ့ရရှိသူ ၈၂ ဦးအား ဆေးပညာဘွဲ့များ ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် ဆေးတက္ကသိုလ် (တောင်ကြီး) ပါမောက္ခချုပ်က အခြေခံ ဆရာဝန်တစ်ဦးအနေဖြင့် ကျန်းမာရေးမြှင့်တင်ခြင်း၊ ရောဂါကာကွယ်ခြင်း၊ ဆေးကုသခြင်း၊ လူနာများကို ပြုစုခြင်းအပြင် စီမံခန့်ခွဲရေးကိစ္စရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်အောင် ကြိုးစားကြရန်၊ မှန်မြတ်သည့် ဆရာဝန်ဘဝတွင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူသူပြည်သူလူထုအား တာဝန်အပြင် မေတ္တာ၊ စေတနာ၊ ကရုဏာ၊ ကိုယ်ချင်းစာတရားနှင့် ပြုစုစောင့်ရှောက်ကုသနိုင်ကြပါစေကြောင်း အမှာစကားပြောကြားခဲ့သည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# လက်ပံတန်းမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲကျင်းပ

**လက်ပံတန်း နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက အထက(၁) လက်ပံတန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးအဖွဲ့က လှူဒါန်းသည့် စာအုပ်စာစောင်များကို မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာဦးထံ လည်းကောင်း၊ စာပေဟောပြောသည့် စာရေးဆရာများနှင့် ဆုရကျောင်းသား ကျောင်းသူများ၊ ဖျော်ဖြေတင်ဆက်သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး၊ တိုင်း/ခရိုင်အဆင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများ၏ ဘက်စုံပညာနှင့်ပတ်သက်သည့် ပြိုင်ပွဲဝင်နေမှုများ၊ ပျော်ရွှင်ဖွယ်ရာ ဂိမ်းကစားခြင်းများ၊ ကလေးစာဖတ်ခန်း၊ နံရံကပ်၊ ခတ်ပုံနှင့် စာအုပ်စာစောင်ပြခန်း၊ မီးသတ်တပ်ဖွဲ့ပြခန်း၊ စက်မှုစိုက်ပျိုးမွေးမြူရေးပြခန်း၊ သင်ထောက်ကူပြခန်း၊ ပန်းချီပြခန်း၊ စာအုပ်အရောင်းဆိုင်များနှင့် စတုဒိသာကျွေးမွေးခြင်းတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





**တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၌ နိုဝင်ဘာ ၂၈ ရက်က ယာဉ်မောင်းသင်တန်း (မွမ်းမံ) (၆/၂၀၂၅) သင်တန်းဆင်းပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်းက အမှာစကားပြောကြားစဉ်။**

ခရိုင်(မီးသတ်)

# မကွေးတက္ကသိုလ် (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**မကွေး နိုဝင်ဘာ ၃၀**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် မကွေးတက္ကသိုလ်(နေ့သင်တန်း) နှင့် ၂၀၂၄ ပညာသင်နှစ် မကွေးတက္ကသိုလ်( အဝေးသင်သင်တန်း) တို့၏ (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းမှစတင်၍ မကွေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတက္ကသိုလ် ပါမောက္ခချုပ်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကျင်းပသည့် မဟာသိပ္ပံဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာဥပဒေဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ ဥပဒေဘွဲ့၊ သိပ္ပံဘွဲ့၊ ဝိဇ္ဇာဘွဲ့နှင့် ၂၀၂၄ ပညာသင်နှစ် မကွေး အဝေးသင် သင်တန်းအတွက် ဥပဒေပညာဘွဲ့၊ သိပ္ပံဘွဲ့၊ ဝိဇ္ဇာဘွဲ့များအတွက် အောင်မြင်ခဲ့ကြသော မောင်မယ်များအား ဘွဲ့လက်မှတ်များ အပ်နှင်းပြီး ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားသည်။




အဆိုပါ (၂၅)ကြိမ်မြောက် ဘွဲ့နှင်းအခမ်းအနားကို အစမ်းလေ့ကျင့်ရက်အပါအဝင် နိုဝင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ၊ အဝေးသင် သင်တန်းများကို ဒီဇင်ဘာ ၄ ရက်မှ ၇ ရက်အထိ အပိုင်းနှစ်ပိုင်း ခွဲခြားပြီး တက်ရောက်ဘွဲ့ ၂၆၆၈ ဦး၊ အဝေးရောက်ဘွဲ့ ၉၇၇ ဦး စုစုပေါင်း ၃၆၄၅ ဦးအား ဘွဲ့အပ်နှင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်



လပွတ္တာမြို့နယ်တွင် ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



ပေါင်မြို့နယ်တွင် ဆောင်ရွက်စဉ်။ မွန်မလေး(ပြန်/ဆက်)



ဇမ္ဗူသီရိမြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



မင်းလှမြို့နယ်တွင် ဆောင်ရွက်စဉ်။ ဝင်းမြတ်(အထက်မင်းလှ)



နတ်တလင်းမြို့နယ်တွင် ဆောင်ရွက်စဉ်။ တင်မြင့်(နတ်တလင်း)



အလုံမြို့နယ်တွင် ဆောင်ရွက်စဉ်။ သျှင်ဝင်းသျှင်



ဘားအံမြို့နယ်တွင် ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



ထန်းတပင်မြို့နယ်တွင် ဆောင်ရွက်စဉ်။ ဇင်မင်းထိုက်(ထန်းတပင်)



ရေတာရှည်မြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



ဇီးကုန်းမြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



ဗဟန်းမြို့နယ်တွင် ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



သံတောင်ကြီးမြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



ဟုမ္မလင်းမြို့နယ်တွင် ဆောင်ရွက်စဉ်။ ဟုမ္မလင်း(ပြန်/ဆက်)



ပုလောမြို့နယ်တွင် ဆောင်ရွက်စဉ်။ ပုလော(ပြန်/ဆက်)

# ချောင်းဆုံမြို့နယ် ဆံတော်ရှင် ကျိုက်မုနိုင်းစေတီတော်မြတ်ကြီး၏ စိန်ဖူးတော် စေတီတော်အထွတ်မှ ဓမ္မာရုံအတွင်းသို့ ပင့်ဆောင်ပူဇော်ပွဲ ကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၃၀**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ချောင်းဆုံမြို့နယ် တောင်စွန်းကျေးရွာအုပ်စု၊ မုနိုင်းကျေးရွာရှိ ဆံတော်ရှင် ကျိုက်မုနိုင်းစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး သွားရောက်ဖူးမြော်ကြည့်ရှုကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဆံတော်ရှင် ကျိုက်မုနိုင်းစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ကာ တောင်စွန်းကျေးရွာ ရာမညနိကာယတိုက်ကျောင်း ဆရာတော်ဘဒ္ဒန္တသဒ္ဓမ္မဇေ၏ ဩဝါဒကထာခံယူသည်။

ထို့နောက် ကျိုက်ထီးဆောင်း ဒုတိယဆရာတော် ဒေါက်တာဘဒ္ဒန္တနာဂဒီပ ဆရာတော်ကြီးကြွရောက်တော်မူကာ ဆံတော်ရှင် ကျိုက်မုနိုင်းစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံနိုင်ရေးအတွက် လှည့်လည်ကြည့်ရှု၍ ကျိုက်ထီးဆောင်း ဒုတိယဒီပဆရာတော်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား စေတီတော်အထွတ်မှ ဓမ္မာရုံအတွင်းသို့ ပင့်ဆောင်ပူဇော်ကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာ ကျိုက်လောကပါလစေတီတော်မြတ်ကြီးသို့ သွားရောက်ပြီး စေတီတော်မြတ်ကြီး ထီးတော်အသစ်တင်လှူပူဇော်ရန်အတွက် ဘက်စုံပြုပြင်နေမှုတို့ကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မြောက်ဥက္ကလာပမြို့နယ်၌ (၇၆)ကြိမ်မြောက် (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်စာမေးပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဝိုင်အမ်ဘီအေ (ဗဟို)က ကြီးမှူးကျင်းပသော (၇၆) ကြိမ်မြောက် (၃၈) ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် စာမေးပွဲများကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ဆုတောင်းပြည့် မယ်လမုစေတီတော် ဘုရားဝင်းအတွင်းရှိ သုံးထပ်ဆောင်၌ ကျင်းပသည်။



**ပံ့ပိုးကူညီဆောင်ရွက်**

အဆိုပါ စာမေးပွဲဖြေဆိုမှုကို မြောက်ဥက္ကလာပမြို့နယ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း ဩဝါဒါစရိယ ဆရာတော် ဇလွန်ပရိယတ္တိစာသင်တိုက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဉာဏိန္ဒ(မဟာဂန္ထဝါစကပဏ္ဍိတ) နှင့် ဩဝါဒဆရာတော်ကြီးများ၊ အသင်းနာယကကြီးများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူနှင့် အဖွဲ့ဝင်များ၊ အသင်းအလုပ်အမှုဆောင်နာယကများ၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ဆရာဆရာမများ၊ စာမေးပွဲ ကျင်းပရေးကော်မတီဝင်များနှင့် အလှူရှင်များက ပံ့ပိုးကူညီဆောင်ရွက်ကြသည်။

အဆိုပါ (၇၆)ကြိမ်မြောက် (၃၈) ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲကို မြို့ပေါ်ရှိ စာသင်ကျောင်းများမှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၄၇ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၂ ဦး၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦး ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

သက်လွင်စိုး (ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၈) ရပ်ကွက်၊ ငထွေရှုးလမ်းနှင့်ကံ့ကော်လမ်းကြားရှိအမှတ်(၂)ဈေး၌ မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇော်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်၊ မြို့နယ်လျှပ်စစ်လက်ထောက်အင်ဂျင်နီယာ ဦးသန်းထိုက်အောင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးဦးမျိုးမြင့်အောင်တို့က နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးစဉ်။

ဇွဲမင်းထက်(ပြန်/ဆက်)

# မောက်မယ်မြို့နယ်၌ သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**မောက်မယ် နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာ အသစ်ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ် ဦးစီးမှူး ဦးကျော်မိုးတင့်၊ ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ် (တောင်ကြီး) ဒါရိုက်တာ ဦးထိန်လင်းနှင့် ဦးစီးအရာရှိ ဒေါ်နန်းခင်မြင့်ထွေး တို့က မိုင်းပုတ်ကျေးရွာအုပ်စု ခိုဆိုင်းကျေးရွာရှိ "ခိုဆိုင်း"စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက် မိုးစပါးစိုက်ပျိုးရေးလုပ်ငန်း၏ သွင်းအားစုပံ့ပိုးငွေကျပ် ၄၄ သန်းဖြင့် အသင်းသား ၃၇ ဦးတို့ စုပေါင်းစိုက်ပျိုးထားသည့် ရွှေရင်အေးမိုးစပါးဧက ၂၂၀ အား သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန၌ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင် ဒါရိုက်တာအသစ်ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်နယ်အဆင့်ဖွဲ့စည်းရေး ကော်မတီဥက္ကဋ္ဌ သဘာပတိ ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်က အမှာစကားပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ် (တောင်ကြီး) ဒါရိုက်တာ ဦးထိန်လင်းက ရှမ်းပြည်နယ်သမဝါယမအသင်းစုချုပ်၏ လုပ်ငန်းများကို ရှင်းလင်းပြောကြားရာ အမှုဆောင်ဒါရိုက်တာ အသစ်ငါးဦးအား ပြန်လည်ရွေးချယ်ခဲ့ပြီး အသင်းဝင်များအားလုံးက အတည်ပြုလက်ခံကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# လမ်းမတော်မြို့နယ်၌ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေး ပညာပေးဟောပြောခြင်း ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်တွင် သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေး ပညာပေးဟောပြောခြင်းကို ယမန်နေ့နံနက် ၉ နာရီက လမ်းမတော်မြို့နယ်အတွင်းရှိ အမက (၁) နှင့် အလက (၁) မှ ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်းဆိုင်ရာကျန်းမာရေး ပညာပေးဟောပြောခြင်း ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ သွားနှင့်ခံတွင်း ဆရာဝန်ကြီး ဒေါက်တာကွန်စတန် ဦးဆောင်၍ အနောက်ပိုင်းဆေးရုံနှင့်သာကေတ အထူးကုဆေးရုံမှ သွားနှင့်ခံတွင်း ဆရာဝန်များနှင့် လမ်းမတော်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ နီနီအေး ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ ပူးပေါင်းပါဝင်သောအဖွဲ့က လမ်းမတော်မြို့နယ် အတွင်းရှိ ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေး ပညာပေးဟောပြောခြင်း၊ စနစ်မှန်သွားတိုက်နည်းအကြောင်းဟောပြောခြင်း၊ စုပေါင်းသွားတိုက်လေ့ကျင့်ခြင်း၊ သွားတိုက်ဆေးနှင့် သွားပွတ်တံများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်ဆန်းမြင့်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကျုံပျော်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်




ပုသိမ် နိုဝင်ဘာ ၃၀

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့မွန်းလွဲပိုင်းက တာဝန်ရှိသူများနှင့်အတူ ကျုံပျော်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရေကြည်မြို့နယ် အသုတ်မြို့ စိန်ရတုဓမ္မသာလဗိမာန်တော်သို့ သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရေကြည်မြို့နယ် ဦးစီးမှူးရုံးက ပန်းခင်းစီမံချက်-၃ဖြင့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ကျင်းပတော့မည်ဖြစ်ရာ အသက် (၁၈) နှစ်ပြည့်ပြီးသူတိုင်း မဲပေးနိုင်ရေးနှင့် မဲပေးပိုင်ခွင့် အခွင့်အရေးများ မဆုံးရှုံးစေရေးအတွက် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး တိုင်းဒေသကြီးသည်လည်း စိုက်ပျိုးရေးကိုအခြေခံသည့် တိုင်းဒေသကြီးဖြစ်ပါကြောင်းနှင့် တိုင်းဒေသကြီး၏ စိုက်ပျိုးရေး၊ မွေးမြူရေးကို အထောက်အကူပြုမည့် မြန်မာနိုင်ငံ၏ ဒုတိယမြောက် စိုက်ပျိုးရေးနှင့်မွေးမြူရေး တက္ကသိုလ်ကို မအူပင်မြို့တွင် ဖွင့်လှစ်ပြီးဖြစ်ပါကြောင်း၊ ယခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ထူးချွန်ကျောင်းသား ကျောင်းသူ ၃၀၀ အား အဆင့်မြင့်ပညာများကို ဘွဲ့ရသည်အထိ ဆက်လက်သင်ကြားနိုင်ရေးအတွက် ဦးဌေးမြင့်က ပညာသင်ဆုပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ လမ်းတံတားများရေရှည်တည်တံ့ရေး၊ သန့်ရှင်းသာယာလှပရေးအတွက် ပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများကလည်း မိမိတို့ဒေသ၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးပေးကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများအား မျိုးစေ့ချက်ကိရိယာ၊ ဓာတ်မြေဩဇာ၊ နေကြာမျိုးစေ့၊ ပဲပုပ်မျိုးစေ့၊ မြေပဲမျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# မုဒုံမြို့နယ်၌ သီးနှံရောနှောစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

မုဒုံ နိုဝင်ဘာ ၃၀

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ရော်ဘာတောင်သူများ ဝင်ငွေတိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ရော်ဘာပင်ကြား ကိုကိုး၊ ကော်ဖီသီးနှံရောနှောစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၂၆ ရက်က နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (မုဒုံ)၌ ပြုလုပ်သည်။

ဦးစွာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှမိုးအောင်က ရော်ဘာပင် လိုင်းတန်းများအတွင်း အခြားသီးနှံများ ရောနှောစိုက်ပျိုးခြင်းဖြင့် ရော်ဘာဈေးနှုန်းကျဆင်းချိန်တွင် အခြားသီးနှံမှ ဝင်ငွေရရှိနိုင်မည်ဖြစ်ကြောင်း၊ လူမှုစီးပွားဘဝတိုးတက်စေရန် နည်းပညာ၊ သွင်းအားစုနှင့် စိုက်စနစ်တို့ဖြင့် ပြုပြင်ပြောင်းလဲနိုင်သောမျိုးများကို ရွေးချယ်စိုက်ပျိုးရန်လိုကြောင်း၊ စီးပွားဖြစ်သီးနှံရောနှောစိုက်ခင်း တည်ထောင်ရန်အတွက် ရေအလွယ်တကူရရှိရန် လိုအပ်ပြီး လိုအပ်သောနည်းပညာများကို ဌာနနှင့် ပူးပေါင်းဆွေးနွေး၍ တောင်သူ၊ ခြံရှင်များနှင့် စိုက်ပျိုးရေးပညာရှင်များ ပူးပေါင်းရှာဖွေဖော်ထုတ်ပါက ရေရှည်အတွက် ခိုင်မာသောနည်းပညာများ ရရှိမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံ) ခြံတာဝန်ခံ ဦးမောင်မောင်မြင့်က ကွင်းသရုပ်ပြပွဲ ဆောင်ရွက်ရသည့် ရည်ရွယ်ချက်၊ ရော်ဘာပင်ကြားတွင် ကိုကိုး၊ ကော်ဖီသီးနှံ ရောနှောစိုက်ပျိုးခြင်းဖြင့် ရရှိသော အကျိုးအမြတ်များနှင့် သတိထားရမည့် အချက်များကို ဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသည့် ရော်ဘာခြံရှင်များက သိရှိလိုသည်များကိုမေးမြန်း၍ ရော်ဘာပင်ကြားတွင် ကိုကိုး၊ ကော်ဖီသီးနှံ ရောနှောစိုက်ပျိုးထားသည့် စိုက်ခင်းသို့ ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။ ရာမည(ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ဟသ်ာတမြို့နယ်၌ ဆောင်းဆီထွက်သီးနှံနေကြာ Super Sun 41 မျိုး စံပြကွက် စိုက်ပျိုးပွဲကျင်းပ

ဟသ်ာတ နိုဝင်ဘာ ၃၀

ရောဝတီ တိုင်းဒေသကြီး ဟသ်ာတမြို့နယ် နတ်မော်ကျေးရွာအုပ်စု ကရင်စုကျေးရွာ တောင်သူဦးလှစိုး၏ လယ်မြေသုံးကေ၌ ယမန်နေ့နံနက်ပိုင်းက ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းဆီထွက်သီးနှံ နေကြာ Super Sun 41 မျိုး စိုက်ပျိုးပွဲအခမ်းအနား ကျင်းပသည်။



အခမ်းအနားတွင် ဟသ်ာတခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ အတွင်းရေးမှူး ဦးမျိုးမြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟသ်ာတမြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇော်မင်း၊ အတွင်းရေးမှူး ဦးစောဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံ တောင်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် ဟသ်ာတခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးမျိုးမြင့်က နေကြာ စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အဆိုပါ တောင်သူ ဦးလှစိုး၏ လယ်မြေ သုံးကေ၌ ဟသ်ာတခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှိုင်ထွန်း ဦးဆောင်၍ အခမ်းအနားသို့ တက်ရောက်လာသော ခရိုင်/မြို့နယ်အဆင့် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ စုပေါင်း၍ Super Sun 41 မျိုး ဆီထွက်သီးနှံ ဆောင်းနေကြာအား စုပေါင်း၍ အစေ့ချစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဒလမြို့နယ်၌ မဲစာရင်းမှန်ကန်မှုရှိစေရေး မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေး

ဒလ နိုဝင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းမှန်ကန်မှုရှိစေရေးအတွက် ယမန်နေ့ မွန်းလွဲပိုင်းတွင် မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးရေး အိမ်တိုင်ရာရောက်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် တွံတေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းအောင်မြတ်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် ဒလမြို့နယ် ကျန်စစ်သားရပ်ကွက်နှင့် ဗိုလ်ရန်ပြေရပ်ကွက်တို့၌ မဲစာရင်း မှန်ကန်စေရေးအတွက် Door to Door ကွင်းဆင်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ရဲရင့်သူ(ပြန်/ဆက်)





# မအူပင်မြို့၌ GW11 မိုးစပါးစံကွက်ရိတ်သိမ်း

မအူပင် နိုဝင်ဘာ ၃၀

ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် အောင်ဟိတ်ကျေးရွာ၌ GW11 မိုးစပါးစံကွက်ရိတ်သိမ်းမှုကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာရှိ တောင်သူဦးမျိုးညွန့်၏ သုည ဒသမ ၄၀ဧကရှိ ဘိုးတော်မိကွင်းအား ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသောင်းသိန်းဌေး ဦးဆောင်မှုဖြင့် စံကွက်ရိတ်သိမ်းသည်။

## ကြည့်ရှုအားပေး

အဆိုပါ စံကွက်ရိတ်သိမ်းမှုအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးသောင်းသိန်းဌေး၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

အောင်မြင့်မြတ် (ပြန်/ဆက်)

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဧရာ်ကောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၇၅ ဦးအား ဆေးဝါးကုသမှုများဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)ဖြင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့သို့ရောက်ရှိနေသည့်တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ငပုတောမြို့နယ် ဧရာ်ကောင်းမြို့သို့ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့သည် ဧရာ်ကောင်းမြို့ တိုက်နယ်ပြည်သူ့ဆေးရုံတွင် အခြေပြု၍ ဧရာ်ကောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၂၁ ဦး၊ ခွဲစိတ်ရောဂါ ၅၆ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၂ ဦး၊ ကလေးရောဂါ ၁၉ ဦး၊ အရိုးရောဂါ ၉၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၁ ဦး၊ မျက်စိရောဂါ ၈၀ နှင့် သွားနှင့်ခံတွင်းရောဂါ ၅၃ ဦး စုစုပေါင်း ၄၇၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာလေးဦး၊ မျက်စိခွဲစိတ်လူနာ



၁၁ ဦး၊ ဓာတ်မှန်ရိုက်လူနာ လေးဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၅ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံလွှဲပြောင်းကုသရန် လိုအပ်သည့် ဒေသခံပြည်သူတစ်ဦးအား ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံသို့ လွှဲပြောင်းကုသပေးသည်။ ထိုသို့ ဆေးဝါးကုသမှုလာရောက်ခံယူကြသည့် ဒေသခံပြည်သူများအား တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးကုအဖွဲ့သည်ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်



ကျေးရွာများမှ ဒေသခံပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေခြင်းဖြစ်သည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

၁။ အဘိုးက ခါးတွေကိုက်တယ်၊ ကိုယ်တွေလက်တွေ ကိုက်တယ်ပေါ့။ မစားချင်မသောက်ချင် အဲဒီလိုဖြစ်နေလို့လာပြတာပါ။ တစ်နှစ်လောက်တော့ရှိပြီပေါ့။ အဲဒီလိုမျိုးဖြစ်နေတာပဲ ပေါင်တွေကိုက်တယ်၊ ခါးတွေကိုက်တယ်ပေါ့။ သိပ်သွားလာလို့ မရဘူးပေါ့။ ခြေထောက်ကညောင်းပြီးတော့ သွားလို့မရဘူး အဲ့ဒါကြောင့်မို့လို့ လာပြတာပါ။ ဆရာဝန်နဲ့တော့ မတွေ့ရသေးဘူး အခုမှ စာရင်းလာပေးတာပါ။ အခုလိုလာပြီးတော့ ကိုယ့်နေရာကိုယ့်ဒေသမှာလာပြီး ကုတယ်ဆိုတော့ အထူးဝမ်းသာပီတိဖြစ်ရပါတယ်။

**သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ လပွတ္တာမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့် အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် လပွတ္တာမြို့နယ် ထွန်းတံတားဆိပ်ခံ၌ အခြေပြု၍ အဆိုပါမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာ ရောဂါ ၃၅၁ ဦး၊ ခွဲစိတ်ရောဂါ ၃၆ ဦး၊ သားဖွား/မီးယပ်ရောဂါ ၅၁ ဦး၊ ကလေးရောဂါ ၄၂ ဦး၊ အရိုးရောဂါ ၁၁၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၁ ဦး၊ မျက်စိရောဂါ ၈၀ နှင့် သွားနှင့်ခံတွင်းရောဂါ ၄၆ ဦး စုစုပေါင်းဒေသခံပြည်သူ ၇၆၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ ငါးဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ Ultra-sound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၃ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည်–





၁။ မျက်စိရောဂါခံစားနေရတာ တစ်နှစ်ကျော်လောက် ရှိပါပြီ။ အခုဆရာဝန်ကြီးတွေနဲ့ ကုသပေးတာ ကျေးဇူးတင်ပါတယ်။ လူနာတွေကိုလည်း အထူးဂရုစိုက်ပါတယ်။ အလွန့်အလွန်ကောင်းပါတယ်။ ကျန်တဲ့သူတွေလည်း ကုသမှုခံယူကြတယ်။ ကိုယ်တွေလည်း ကုသမှုခံယူရတယ်။ ဒီလိုမျိုးနောက်နှစ်လည်း လာရောက်ပြီးတော့ ကုသပေးစေချင်သေးပါတယ်။ ကျန်တဲ့လူနာတွေလည်း ဒီလိုပဲ အဆင်ပြေပြေကုသနိုင်အောင် ဆရာဝန်တွေကို အထူးပဲ ဖိတ်ခေါ်ပါတယ်၊ ကြိုဆိုပါတယ်။ ကုသပေးတဲ့ ဆရာဝန်ကြီးတွေလည်း ဒီထက်မက တိုးတက်ချမ်းသာပါစေ၊ ဒီထက်မက ကုသနိုင်ပါစေလို့ မေတ္တာပို့သလိုက်ပါတယ်။

၂။ ကျွန်မ နာမည်ကတော့ ခေါ်ခင်မာဦးလို့ ခေါ်ပါတယ်။ လောလောဆယ် ခံစားနေရတာကတော့ ဆီးချိုသွေးချိုနဲ့ အကြောကို လာပြီးတော့ ပြသတာပါ။ အကုန်လုံး လုပ်ထားကိုင်ထားတာတွေကအစပေါ့နော် စီစဉ်ထားတာတွေအားလုံးကောင်းပါတယ်။ အလွန်ကျေးဇူးတင်ပါတယ်။ အလွန်ကို ကျေးဇူးတင်တာ အားရတယ်။ တပ်မတော်က လာရောက်ကုသတဲ့ ဆရာဝန်တွေရော အကုန်လုံးကို ကျေးဇူးအများကြီးတင်ပါတယ်။

**သတင်းစဉ်**

# သန်လျင်မြို့နယ်အတွင်း မဲစာရင်းမှန်ကန်မှုရှိစေရေး မြေပြင်ကွင်းဆင်းတိုက်ဆိုင်စစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၃၀**


သန်လျင်ခရိုင် သန်လျင်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းမှန်ကန်မှုရှိစေရေးအတွက် ယမန်နေ့နံနက် ၁၀ နာရီတွင် မြေပြင်ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးရေး (Door to Door) အိမ်တိုင်ရာရောက်စစ်ဆေးခြင်းများ ဆောင်ရွက်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် သန်လျင်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဖြိုးညွန့်နှင့်အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သန်လျင်ခရိုင် ဦးစီးမှူး ဦးမိုးသူနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးတင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါ်လှဲ့လှဲ့အောင်နှင့် ကော်မရှင်အဖွဲ့ဝင်များသည် သန်လျင်မြို့နယ် ညောင်သုံးပင်ကျေးရွာနှင့် အောင်ချမ်းသာ ရပ်ကွက်များသို့ မြေပြင်ကွင်းဆင်း၍ တစ်အိမ်တက်ဆင်း မဲစာရင်းမှန်ကန်မှုရှိစေရေး မဲဆန္ဒရှင်ပြည်သူများအား စစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



# အသိဉာဏ်တုနည်းပညာ သို့မဟုတ် အေအိုင် ဖွံ့ဖြိုးတိုးတက်လာခြင်း(၂)




❊ နီဇော်သစ် ❊

စက်ကို စက်လိုမတွေးဘဲ လူသားဆန်ဆန်တွေးတတ်အောင် ကြိုးစားရာတွင် ဖက်ဇီလော့ဂျစ်နှင့် နျူရယ်ကွန်ရက်တို့မှာ အရေးပါသည့် ဗဟိုချက်နှစ်ခု ဖြစ်သည်။ တစ်ခုက စက်ကို လူသားဆန်ဆန်တွေးတတ်အောင်လုပ်ပေးသည့် သဘောတရား၊ တစ်ခုက လူသားဦးနှောက်နှင့် အနီးစပ်ဆုံး တူညီအောင် တတ်နိုင်သမျှရေးဆွဲထားသည့် အယ်လ်ဂိုရစ်သမ်။ ထိုနှစ်ခု ပေါင်းစည်းသွားပြီးနောက်ပိုင်း နျူရယ်ကွန်ရက်ဟုသာ ခေါ်ကြတော့သည်။ ယခုတစ်ပတ်တွင် အဆိုပါ နျူရယ်ကွန်ရက်အကြောင်း အနည်းငယ်ဆွေးနွေးပါမည်။

အေအိုင် နည်းပညာအပေါ် စိတ်ဝင်စားမှုများလာသည့်အချိန်တွင်မှ နျူရယ်ကွန်ရက်လို အသုံးအနှုန်းများ လူထုကြားထဲ ပျံ့နှံ့လာခဲ့သော်လည်း ထိုသဘောတရားအခြေခံတို့ ဖြစ်တည်လာသည်မှာ နှစ်ပေါင်း ၂၀၀ မကတော့ပေ။ ပြင်သစ် သင်္ချာပညာရှင် အက်ဒရီယန် မာရီ လီဂျန်ဒါတို့၊ ဂျာမန် သင်္ချာပညာရှင် ကားလ် ဖရက်ဒရစ် ဂေါက်စ်တို့ ဖြိုဟ်ပတ်လမ်းများကို တွက်ချက်သည့် အနည်းဆုံး စတုရန်းနည်းလမ်းတို့၊ လီနီယာ ရီဂရက်ရှင်းတို့လို သင်္ချာနည်းများလည်း ပါသည်။ ထို့ထက်ပိုစောသည့် ဆာအိုင်ဆက်နယူတန်နှင့် ခေတ်ပြိုင် ဂေါ့ဖရီး ဝီလ်ဟမ် လိုက်ဘနစ်၏ ကွင်းဆက်စည်းမျဉ်း ဒစ်ဖရန်ရှယ် ညီမျှခြင်းနည်းလည်းပါသည်။ ထိုသင်္ချာနည်းတို့ကို ဖယ်ထားလိုက်လျှင်ပင် နျူရယ်ကွန်ရက် မိုဒယ်အမျိုးမျိုးကို ၁၉၄၀ ပြည့်လွန်နှစ်များကတည်းက စတင်လေ့လာဆန်းစစ်ခဲ့ကြသည်။

ထိုသမိုင်းကြောင်းများ ပြောနေလျှင် ရှည်နေမည်စိုးသဖြင့် ယနေ့လက်ရှိသုံးနေသော အာရုံကြောကွန်ရက်စနစ် အတုဟု ဆိုနိုင်သည့် Artificial Neural Neworks (ANN) အကြောင်းကိုပဲ တတ်နိုင်သမျှ ဆွေးနွေးသွားပါမည်။ ကျွမ်းကျင်ပညာရှင် တစ်ယောက်မဟုတ်၍ ထုံးစံအတိုင်း ခြေယမ်းလက်ယမ်းနည်းဖြင့် သမိုင်းကြောင်း အနည်းငယ်ထည့်ပြီး ဆွေးနွေးသွားရပါမည်။ ဆိုလိုသည်မှာ အေအိုင် ဖွံ့ဖြိုးတိုးတက်မှုတို့ကို လေ့လာရာတွင် အခြေခံသဘောတရားတို့ကို ချန်ထား၍ မဖြစ်၍သာ ထည့်ပြောနေရခြင်းဖြစ်ပါသည်။ ဆရာလုပ်လို၍ မဟုတ်ပါ။

ယေဘုယျပြောရလျှင် လက်ရှိနျူရယ်ကွန်ရက်ဟု သုံးနှုန်းနေသည်မှာ အဆိုပါ အေအင်န်အင်န် ကွန်ရက်များဖြစ်သည်။ နျူရယ်ကွန်ရက်တို့သည် ဦးနှောက်၏ အလုပ်လုပ်ပုံကို တုပထားသည်။ တုပထားသည်ဟုဆိုသာရုံ တုပထားသည်ဟု ဆိုနိုင်သည်။ ဦးနှောက်ထဲတွင် နျူရွန်ဟုခေါ်သော အာရုံကြောစနစ်ဆိုင်ရာ အထူးဆဲလ်လေးများရှိသည်။ နျူရွန်တို့တွင် အချက်ပြမှုများကို လက်ခံသည့်အပိုင်းရှိသည်။ စုပေါင်းသည့်အပိုင်းရှိသည်။ အချက်ပြမှု ပြန်ထုတ်ပေးသည့် အပိုင်းရှိသည်။ မှတ်သားမှုနှင့် တွက်ချက်မှုတို့ကို နျူရွန်တစ်ခုချင်းစီတွင် လုပ်သည်။

အေအင်န်အင်န်တို့၏ နျူရွန်အတုများမှာမူ တကယ့်နျူရွန်များနှင့် ကွဲပြားသည်။ အခြေခံအားဖြင့်ပင် ဇီဝနျူရွန်တို့သည် ရုပ်ဒြပ်ပစ္စည်းများဖြစ်ပြီး နျူရွန်အတုများမှာ အယ်လ်ဂိုရစ်သမ် ဖြစ်နေသည်မဟုတ်ပါလား။ အေအင်န်အင်န်၏ နျူရွန်တို့မှာ နျူရွန်အစစ်များလိုမဟုတ်ဘဲ အလွှာများဖြင့် ဖွဲ့စည်းထားရသည်။ နျူရွန်ကွန်ရက်များတွင် အချက်ပြမှုကို လက်ခံသည့်အလွှာပါသည်။ အချက်ပြမှု ပြန်ထုတ်ပေးသည့်အလွှာ ပါသည်။ အတွက်အချက်နှင့် မှတ်သားမှုကိုမူ ကြားထဲမှ အလွှာများက လုပ်ဆောင်သည်။ မှတ်သားမှုဆိုသည့်တိုင် တကယ်မှတ်သားထားသည်တော့ မဟုတ်။ ဝိတ်ဘယ်လောက်ပေးမလဲဆိုပြီး သတ်မှတ်ထားသည်ကိုပင် မှတ်ဉာဏ်သဘော ယူဆခြင်းဖြစ်သည်။ ဝိတ် သတ်မှတ်သည့်အကြောင်းကို နောက်ပိုင်းတွင် ဆက်လက်ဆွေးနွေးပါမည်။

ကျွန်တော်တို့ လက်ရှိသုံးနေသည့် ကွန်ပျူတာများ၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ တစ်နည်း ဗွန်နိုင်းမင်း အာကီတက်ချာနှင့် ယှဉ်ကြည့်လျှင် တော်တော်လေး ကွဲလွဲနေသည်ကို တွေ့ရမည်။ ဗွန်နိုင်းမင်း အာကီတက်ချာတွင် မှတ်ဉာဏ်ဟု ဆိုနိုင်သည့်မင်မိုရီများနှင့် အတွက်အချက်လုပ်သည့် ပရိုဆက်ဆာတစ်ခု သို့မဟုတ် ပရိုဆက်ဆာများကို ချိတ်ဆက်ထားသည်။ နျူရွန်တို့လို မှတ်လည်းမှတ်၊ တွက်လည်းတွက်သည့် ဆဲလ်များ ကွန်ရက်ဖွဲ့ထားခြင်းမျိုးမဟုတ်။ နျူရယ်ကွန်ရက်ဆိုသည်မှာ ထိုသို့ ကွန်ရက်ဖွဲ့ထားသော အယ်လ်ဂိုရစ်သမ်။ ထို့ကြောင့် အပေါ်ယံအားဖြင့် ကြည့်လျှင်ပင် နျူရယ်ကွန်ရက် အယ်လ်ဂိုရစ်သမ်တစ်ခုသည် ဗွန်နိုင်းမင်း အာကီတက်ချာဖြင့် တည်ဆောက်ထားသော ကွန်ပျူတာတစ်လုံးပေါ်တွင် ဘယ်လောက်မြန်အောင်လုပ်ထားသည်ဆိုစေ သူ့သဘာဝနှင့် ကိုက်ညီမည် မဟုတ်သည်မှာ ထင်ရှားနေသည်။ ထိုသဘောတရားက ရှေ့တွင် မိုက်ခရို ပရိုဆက်ဆာများအကြောင်း၊ သတင်းနည်းပညာအကြောင်းများ ပြောခဲ့စဉ်က ဂျီပီယူများက စီပီယူတို့၏ တာဝန်ကို ခွဲဝေယူလိုက်ပြီးနောက် အေအိုင်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုအရှိန်မြင့်လာသည်ဆိုသည့် အကြောင်းကို ပိုမိုနားလည်နိုင်စေပါလိမ့်မည်။

နျူရယ်ကွန်ရက်များတွင် ဇီဝနျူရွန်များ၌ မပါဝင်သည့် လုပ်ငန်းဆောင်တာတစ်ခုပါဝင်ပြီး ထိုလုပ်ငန်းကပင်လျှင် အသိဉာဏ်တုဖြစ်ဖို့ ဦးဆောင်မှုပေးနိုင်ခဲ့သည်။ ထိုလုပ်ငန်းဆောင်တာမှာ ရှေ့ကပြောခဲ့သည့် လိုက်ဘနစ်၏ ကွင်းဆက်စည်းမျဉ်း ဒစ်ဖရန်ရှယ်ညီမျှခြင်းကို ယူသုံးထားသော နောက်ကြောင်းပြန်လေ့လာဆန်းစစ်မှုဖြစ်သည်။ နောက်ကြောင်းပြန်လေ့လာဆန်းစစ်ခြင်း (Backpropagation)သည် နျူရယ်ကွန်ရက်တွင် အခရာကျသည်။ အမှားတစ်ခု ထွက်လာလျှင် ကွန်ရက်က နောက်ကြောင်းပြန်ပြီး မည်သည့်အလွှာတွင် မည်မျှမှားသွားသလဲဆိုသည်ကို ပြန်တွက်ချက်သည်။ အဖြေမှန်မှာ ၁ ဖြစ်ပြီး ရလဒ်မှာ ၀.၂ ဖြစ်နေလျှင် တော်တော်ကြီးကိုလွဲနေပြီ။

တစ်ခုပြောဖို့ ကျန်ခဲ့သည်။ ယခုပြောနေသည်မှာ နျူရယ်ကွန်ရက်တစ်ခုကို လေ့ကျင့်ပေးသည့် အကြောင်းဖြစ်သည်။ အသုံးချမှု မဟုတ်သေး။ ထို့ကြောင့် အဖြေမှန် ၁ ဖြစ်သည်ကို လေဘယ်တပ်ထားသည့် အချက်အလက်အဖြစ် ထည့်သွင်းပြီး ကွန်ရက်ကို အမှားအမှန် ပြန်တိုက်ခိုင်းခြင်းဖြစ်သည်။ အဖြေမှန်နှင့်မတူလျှင် နောက်ကြောင်းပြန်ပြီး မည်သည့်နေရာတွင် မှားသွားလဲဆိုသည်ကို တွက်ချက်ကာ ပြင်ဆင်သည်။ ဥပမာ အသွင်းလွှာတွင် နျူရွန် သုံးလုံးပါဝင်သည်ဆိုပါစို့။ နျူရွန်ဆိုသည်မှာ လွယ်အောင်ပြောရလျှင် မှီချက်များ သို့မဟုတ် ဖန်ရှင်များဖြစ်သည်။ သို့သော် မေထရစ်များဟု ပြောလျှင် ပိုရှင်းလိမ့်မည်။ အသွင်းလွှာ နျူရွန်များမှာမူ အတွက်အချက်မလုပ် လက်ခံပေးရုံသက်သက်။ သုံးလုံးပါသည်ဆိုလျှင် အသွင်းယူနစ်သုံးခုကို လက်ခံပေးနိုင်သည်။ ဂဏန်းသုံးလုံး ဆိုပါစို့။ ဆယ်တန်းသင်္ချာကို ပြန်သွားပါရစေ။ ထိုသုံးလုံးကို ၃ x ၁ မေထရစ်တစ်ခုအဖြစ် မြင်ပေးပါ။

ကြားလွှာလည်း တစ်လွှာပဲရှိသည်ဟုထားပါ။ ထိုကြားလွှာတွင်လည်း နျူရွန်လေးလုံးသာ ရှိသည်ဆိုပါစို့။ နျူရွန် တစ်လုံးချင်းစီသည် ဝင်လာသည့် ယူနစ်သုံးခုလုံးကို သူ့မှီချက်ထဲထည့် သို့မဟုတ် သူ့မေထရစ်နှင့်မြှောက်သည်။ ထို့နောက် ဘက်လိုက်မှုဟု ဆိုနိုင်သော bias မေထရစ်နှင့် ပေါင်းသည်။ ထို့ကြောင့် နျူရွန်လေးလုံးသည် ဝင်လာသည့် မေထရစ်ကိုဆိုင်ရာ မေထရစ်များဖြင့်မြှောက်၍ ဘက်လိုက်မှု မေထရစ်များပေါင်းပေးပြီး ရလဒ်အလွှာသို့ ပို့လိုက်သည်။ ရလဒ်အလွှာတွင် နျူရွန်တစ်လုံးသာ ရှိသည်ဆိုပါစို့။ အဖြေတစ်ခုသာ လိုချင်၍ဖြစ်သည်။ ထိုနျူရွန်က ကြားလွှာမှ နျူရွန်လေးလုံးက ပို့လာသော ရလဒ်လေးမျိုးကို သူ့မေထရစ်ဖြင့်မြှောက်ကာ ဘက်လိုက်မှု မေထရစ်ပေါင်းပေးပြီး နောက်ဆုံးရလဒ်ကို ထုတ်ပေးသည်။

လေ့ကျင့်နေစဉ်အတွင်း အဖြေမှားလျှင် နောက်ကြောင်းပြန် တွက်ချက်မှုဖြင့် ဝိတ်များကို ပြန်ချိန်သည်။ တစ်နည်းအားဖြင့် ဆိုင်ရာမေထရစ်များ၏ ကိန်းဂဏန်းများကို ပြင်ဆင်သည်။ နျူရယ်ကွန်ရက်သည် ထိုသို့အလိုအလျောက် ပြင်နိုင်ရန် ရေးထားသော အယ်လ်ဂိုရစ်သမ်ဖြစ်သည်။ နောက်ဆုံးရလဒ်မှာ လေဘယ်တပ်ပြီးပေးထားသော အဖြေနှင့် မတူမချင်း နောက်ကြောင်းပြန် လေ့လာတွက်ချက်ပြင်ဆင်မှုလုပ်သည်။ ဆိုလိုသည်မှာ လူ၏ အကူအညီမပါဘဲ စက်ချည်းသက်သက် အဖြေမှန်ရှာခိုင်းခြင်းဖြစ်သည်။ နောက်ဆုံး အဖြေမှန်နှင့် တူသွားပြီဆိုလျှင် ထိုကွန်ရက်မှာ အောင်မြင်ပြီ။ အလားတူ မည်သည့် အရာကိုမဆို မှန်ကန်အောင်တွက်ချက်နိုင်ပြီ။

ယခုလောက်ဆိုလျှင် ကြားလွှာအရေအတွက်က တွက်ချက်မှုပမာဏအပေါ်တွင် သက်ရောက်ကြောင်း သဘောပေါက်လောက်ပါပြီ။ ပုံရိပ်ဖမ်းခြင်းနှင့် ဥပမာပေးရလျှင် ကြားလွှာတစ်လွှာပါလျှင် ပုံ၏ အစွန်းများလောက်ကိုသာ ဖမ်းနိုင်သည်။ နှစ်လွှာပါလျှင် ထောင့်များကိုပါ ဖမ်းနိုင်လာသည်။ သုံးလွှာလောက်ဆိုလျှင် ဆက်စပ်ပုံများကို ဖမ်းနိုင်လာသည်။ လေးလွှာလောက်ဆိုလျှင် ပုံသဏ္ဌာန်များကို ဖမ်းနိုင်ပြီ။ မျက်နှာများ၊ အရာဝတ္ထုများကို သိဖို့ဆိုလျှင် အလွှာ ၁၀ လွှာကျော် လိုအပ်သည်။ ကျွန်တော်တို့ ယခုသုံးနေသော ဂျီပီတီဟု ခေါ်သည့် ဂျင်နရေးတစ်ကြိုတင်လေ့ကျင့်ထရန်စဖော်မာများသည် အလွှာပေါင်း ၁၀၀ ကျော်ပါဝင်သည့် မိုဒယ်များ ဖြစ်ကြသည်။

ယခုဆောင်းပါးမှာ အေအင်န်အင်န်များအကြောင်း လက်လှမ်းမီသလောက် ဆွေးနွေးခြင်းဖြစ်ပါသည်။ ခပ်ရေးရေးမြင်လျှင်ပင် အလွန်အောင်မြင်ပါသည်။ အကြောင်းမှာ ကျွန်တော်ကိုယ်တိုင်လည်း ခပ်ရေးရေးသာမြင်ရ၍ဖြစ်သည်။ နောက်တစ်ပတ်တွင် အေအင်န်အင်န် မျိုးကွဲများဖြစ်သော စီအင်န်အင်န်၊ အာရ်အင်န်အင်န်၊ ဂျီအေအင်န်၊ ထရန်စဖော်မာများ အကြောင်း ဆွေးနွေးပါဦးမည်။

# နှစ်ပေါင်း ၁၆၀ အတွင်း အပင်တစ်သျှူးအသစ်တစ်မျိုး ပထမဆုံးအကြိမ်တွေ့ရှိ

ဂျပန်နိုင်ငံ နာဂိုယာ တက္ကသိုလ်မှ သုတေသီ ဒေါက်တာ ရူရှီရိုကာဆာဟာရ ဦးဆောင်သည့် သုတေသနအဖွဲ့သည် အစေ့ဖြစ်တည်ရာတွင် မရှိမဖြစ်အရေးပါသည့် အပင်တစ်သျှူးအသစ်တစ်မျိုးကို တွေ့ရှိခဲ့ရာ နှစ်ပေါင်း ၁၆၀ အတွင်း အပင်တစ်သျှူးအသစ်တစ်မျိုး ပထမဆုံး တွေ့ရှိခဲ့ခြင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

သိပ္ပံပညာရှင်တို့သည် အစေ့လောင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ဟိုက်ပိုကော့တိုင်းသည် အပင်၏ မိခင်တစ်သျှူးများထံမှ အာဟာရများကို စုပ်ယူပြီး အစေ့ကို ကြီးထွားစေကြောင်း ၂၀၀၅ ခုနှစ်ကတည်းက တွေ့ရှိခဲ့ကြသည်။ ယခု ဒေါက်တာ ကာဆာဟာရတို့အဖွဲ့မှာ မျိုးအောင်သည့် အစေ့လောင်းများကိုသာ အပင်၏ အာဟာရပို့ပေးပြီး မျိုးမအောင်သည့် အစေ့လောင်းများကို အာဟာရမပေးဘဲ ဖြတ်တောက်လိုက်သည့် တစ်သျှူးတစ်မျိုးကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

“အပင်တွေက ဝတ်မှုန်ခံတိုင်ထဲကို ဝတ်ဆန်ရောက်သွားတဲ့နည်းနဲ့ မျိုးပွားတယ်။ ဒါကြောင့် သိပ္ပံပညာရှင်အများစုက အစေ့ဖြစ်တဲ့နေရာကိုပဲ စိတ်ဝင်စားကြတယ်။ ဒါပေမဲ့ ဆန့်ကျင်ဘက်နေရာကနေ အချက်ပြမှုတွေရှိနေတာကို ကျွန်တော်တို့ တွေ့ခဲ့ရတယ်။ အဲဒီအချက်ပြမှုက မျိုးမအောင်တဲ့ အချိန်မှာ ပိုအားကောင်းနေတာ တွေ့လိုက်ရတုန်းက တော်တော်အံ့သြသွားမိတာကိုတော့ ပြန်သတိရတယ်”ဟု ဒေါက်တာ ကာဆာဟာရက ရှင်းပြသည်။

“မျိုးအောင်တဲ့ အစေ့နဲ့ မျိုးမအောင်တဲ့ အစေ့တွေဆီ အာဟာရစီးဆင်းမှုကို နှိုင်းယှဉ်လေ့လာတဲ့နေရာမှာ မျိုးအောင်တဲ့ အစေ့တွေဆီကိုပဲ အာဟာရတွေ စီးဆင်းသွားတာကို ကျွန်တော်တို့ တွေ့ခဲ့ရတယ်။ မျိုးမအောင်တဲ့ အစေ့တွေကိုတော့ လုံးဝကို ပိတ်ပင်ထားတယ်။ မျိုးမအောင်တဲ့ အစေ့အတွက် အရင်းအမြစ်တွေ မဆုံးရှုံးစေဘူးပေါ့”ဟုလည်း ၎င်းက ဆက်ပြောသည်။

အဆိုပါ အသစ်တွေ့ရှိသော တစ်သျှူးသည် အစေ့များထံသို့ အာဟာရသွားခြင်းမသွားခြင်းကို အပိတ်အဖွင့်လုပ်ပေးသော မုခ်ဝသဖွယ် လုပ်ဆောင်သောကြောင့် တွေ့ရှိသူကို အစွဲပြုပြီး ‘ကာဆာဟာရ မုခ်ဝ’ ဟု အမည်ပေးလိုက်ကြောင်းလည်း သိရသည်။ ထို့ပြင် ထိုတွေ့ရှိမှုမှာ ကောက်ပဲသီးနှံအထွက်တိုးစေနိုင်သည့် တွေ့ရှိမှုလည်းဖြစ်သည်။

“ဒီသဘောတရားက မုခ်ဝကိုသာ အမြဲတမ်းဖွင့်ထားလိုက်ရင် အစေ့တွေ ပိုကြီးလာမယ်ဆိုတဲ့ အတွေးကို ရစေခဲ့တယ်။ အဲဒါကို စပါးပင်မှာ စမ်းကြည့်တော့ အစေ့တွေ ၉ ရာခိုင်နှုန်း ပိုကြီးလာတာကို တွေ့ရတယ်။ တခြားမျိုးစိတ်တွေမှာ စမ်းကြည့်တော့ ၁၆ ဒသမ ၅ ရာခိုင်နှုန်းအထိ ပိုကြီးလာတာကို တွေ့ခဲ့ရတယ်”ဟု ဒေါက်တာ ကာဆာဟာရက ဆိုသည်။

Ref: scitechdaily

## မန်ယူအသင်းက ခရစ္စတယ်ပဲလေ့စ်ကို အနိုင်ရပြီး သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးမှု အဆုံးသတ်နိုင်ခဲ့

ပရီမီယာလိဂ်ပွဲစဉ်(၁၃)ရဲ့ နိုဝင်ဘာ ၃၀ ရက်ညပိုင်းအစောဆုံးပွဲစဉ်ဖြစ်တဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်မှာ မန်ယူအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အိမ်ရှင်အဖြစ် ဧည့်ခံကစားခဲ့ရတဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းက ပထမပိုင်းပွဲကစားချိန် ၃၆ မိနစ်မှာ မာတီတာရဲ့ ပင်နယ်တီသွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် ဒုတိယပိုင်းပွဲကစားချိန် ၅၄ မိနစ်မှာ ဇက်ဇီးရဲ့ သွင်းဂိုး၊ ၆၃ မိနစ်မှာ မေဆင်မောင့်ရဲ့ သွင်းဂိုးတွေရရှိခဲ့လို့ မန်ယူအသင်းက အဝေးကွင်းမှာ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ မန်ယူအသင်းအတွက် ချေပဂိုးနဲ့ အနိုင်ဂိုးတွေ သွင်းယူနိုင်ရေးအတွက် ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ် တစ်ဦးတည်းကသာ ဂိုးဖန်တီးမှု ပြုလုပ်ပေးထားနိုင်ခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ခရစ္စတယ် ပဲလေ့စ်အသင်းနည်းပြ အိုလီဗာဂလက်စနာနဲ့ မန်ယူအသင်းနည်းပြ အမိုရင်တို့ဟာ ၃-၄-၂-၁ ကစားကွက်ကို အသုံးပြုကာ တူညီတဲ့ နည်းဗျူဟာနဲ့ ပွဲထုတ်လာခဲ့ပေမယ့် မန်ယူအသင်းရဲ့ အဆုံးသတ်ပိုင်း သေချာမှုကသာ အနိုင်ရလဒ်ကို ဆောင်ကြဉ်းနိုင်ခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းဟာ ခရစ္စတယ်ပဲလေ့စ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့ပြီး ပရီမီယာလိဂ်ပွဲစဉ်(၁၃) ယှဉ်ပြိုင်ကစားပြီးချိန်မှာ အမှတ်ပေးဇယားအဆင့်(၇)နေရာကို တက်လှမ်းခွင့်ရရှိခဲ့တာလည်းဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့စ်အသင်းကတော့ မန်ယူအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်(၉) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြယ်




**"အများသိစေရန်ကြေညာချက်"**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၆၉၉)၊ (အလျား၄၀ပေ x အနံ၆၀ပေ)၊ အကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ မေယုလမ်း၊ အမှတ်(၆၉၉)ဟုခေါ်တွင်သော မြေအိမ်နှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် **ဒေါ်မြင့်မြင့်ဝင်း [၈/တတက(နိုင်)၁၂၅၃၂၅]၊ ဒေါ်သီတာဝင်း [၅/တဆန(နိုင်)၀၀၀၂၇၉]**တို့မှ အမည်ပေါက်ကြောင်း၊ ရောင်းသူ **ဒေါ်ဇင်မီအောင် [၁၀/မလမ (နိုင်)၂၃၆၉၄၉]**မှ စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ **ဒေါ်အိအိခင် [၁၂/လကန(နိုင်)၀၀၀၅၅၁]**မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေအိမ်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နှင်းနုနုထွေး LL.B, D.B.L**
**အထက်တန်းရှေ့နေ၊ စဉ်-၄၂၁၈၇**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း -၀၉-၄၃၁၁၃၆၆၆၊ ၀၉-၅၄၀၆၆၁၁**



**ကြော်ငြာစာ**

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၅)၊ ဦးပိုင်အမှတ် (၅၄)ခဲစင်း+၅၅/၁၊ ရှမ်းကလေးကျွန်း၊ ကမ်းနားလမ်း အနောက်ဘက်ရှိမြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development.Ltd ၏ (ကိုယ်စားအစည်းအဝေး မှတ်တမ်းအရ) ဦးသန်းထိုက်စံ[၁၂/ခရန(နိုင်)၀၀၁၉၃၈]က အမှုတွဲအမှတ် (၃၈၃၄/၂၀၂၅-၂၀၂၆) ဖြင့် ဂရန်သစ်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**



**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ မဟာဗေယျလမ်း၊ အမှတ်(၃)ပေါ်တွင် တည်ဆောက်ထားသော တိုက်အမှတ်(၃)၊ အခန်းအမှတ်(၈-B)၊ (၈)လွှာ၊ အကျယ်အဝန်း(၁၅ပေx၆၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်း တွယ်ကပ်တပ်ဆင်ထားသော တပ်ဆင်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား **ဒေါ်စိုးစိုးမော်**[၁၂/ပဇတ(နိုင်)၀၀၉၄၁၆]မှ မိမိဝယ်ယူပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်အောင်မေဦး** [၁၂/ပဇတ(နိုင်)၀၁၃၆၂၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အောင်မေဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မွန်မွန်ချို(LL.B)** — **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** — **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈၊ ၀၉-၄၅၀၀၂၅၄၁၅**



**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ လူနေရပ်ကွက်အမှတ်-၁၄၊ ကျောင်းလမ်း၊ မြေကွက်အမှတ်-၄၁၄၊ အကျယ်ပေ(၄၀x၆၀)ရှိ ဦးမောင်မောင်ကြွယ် အမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

အထက်ဖော်ပြပါအိမ်မြေအား ဂရန်အမည်ပေါက်ပိုင်ရှင် ဦးမောင်မောင်ကြွယ်[၁၂/ဥကတ(နိုင်)၀၇၉၆၂၅]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဇော်ကိုကိုမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါအိမ်မြေ၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဇော်ကိုကို** | **ဒေါ်ခင်မာလွင်(LL.B,D.B.L)** |
| **[၁၁/မပတ(နိုင်)၀၅၃၁၁၆]** | **တရားလွှတ်တော်ရှေ့နေ** |
| **အမှတ်-၄၉၊ ကျားကွက်သစ်လမ်း၊** | **(စဉ်-၇၆၅၂)** |
| **ကျားကွက်သစ်ရပ်ကွက်၊** | **အမှတ်-၁၉၂၊ ဗိုလ်ချုပ်လမ်း၊** |
| **တာမွေမြို့နယ်။** | **(၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း-၀၉-၅၁၈၉၆၈၉** |


## ဘုန်းမောက်အသင်းကို အနိုင်ရပြီး ဆန်းဒါးလန်းအသင်း အိမ်ကွင်း ခုနစ်ပွဲဆက် ရှုံးပွဲမရှိစံချိန်တင်

ဆန်းဒါးလန်းအသင်းဟာ နိုဝင်ဘာ ၂၉ ရက်ညပိုင်းက ဘုန်းမောက်အသင်းနဲ့ ပွဲစဉ်မှာ အနိုင်ရရှိခဲ့ပြီးနောက် အိမ်ကွင်းခုနစ်ပွဲဆက် ရှုံးပွဲမရှိစံချိန်တင်ခဲ့ပြီဖြစ်ပါတယ်။

ဆန်းဒါးလန်းအသင်းနဲ့ ဘုန်းမောက်အသင်းတို့ပွဲစဉ်မှာ ဆန်းဒါးလန်းအသင်းက သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ယခုဘောလုံးရာသီမှာ တန်းတက်လာခဲ့တဲ့ ဆန်းဒါးလန်းအသင်းဟာ ဩဂုတ် ၁၆ ရက်က ဝက်စ်ဟမ်းအသင်းနဲ့ပွဲစဉ်မှာ သုံးဂိုး-ဂိုးမရှိ၊ ဩဂုတ် ၃၀ ရက်က ဘရန်းဖို့ဒ်အသင်းနဲ့ပွဲစဉ်မှာ နှစ်ဂိုး-တစ်ဂိုး၊ စက်တင်ဘာ ၂၁ ရက်က အက်စ်တွန်ဗီလာအသင်းနဲ့ ပွဲစဉ်မှာ တစ်ဂိုး-တစ်ဂိုး၊ အောက်တိုဘာ ၁၈ ရက်က ဝုလ်ဗာဟမ်တန်အသင်းနဲ့ပွဲစဉ်မှာ နှစ်ဂိုး-ဂိုးမရှိ၊ နိုဝင်ဘာ ၃ ရက်က အဲဗာတန်အသင်းနဲ့ ပွဲစဉ်မှာ တစ်ဂိုးစီသရေ၊ နိုဝင်ဘာ ၈ ရက်က အာဆင်နယ်အသင်းနဲ့ ပွဲစဉ်မှာ နှစ်ဂိုးစီသရေနဲ့ ယခု ဘုန်းမောက်အသင်းနဲ့ပွဲစဉ်မှာ သုံးဂိုး-နှစ်ဂိုး စသဖြင့် အိမ်ကွင်းရလဒ်အသီးသီးထွက်ပေါ်ခဲ့တာကြောင့် အိမ်ကွင်းခုနစ်ပွဲဆက် ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့ပါတယ်။

ဆန်းဒါးလန်းအသင်းအနေနဲ့ အခုလိုစံချိန်တင်ခဲ့ခြင်းဟာ ၂၀၀၁-၂၀၀၂ ဘောလုံးရာသီက ဘလက်ဘန်းအသင်း အိမ်ကွင်းခုနစ်ပွဲဆက် ရှုံးပွဲမရှိစံချိန်တင်ခဲ့ပြီးနောက်ပိုင်း ပရီမီယာလိဂ်တန်းတက်အသင်းတစ်သင်းအနေနဲ့ ပထမဆုံးအကြိမ် အိမ်ကွင်းခုနစ်ပွဲဆက် ရှုံးပွဲမရှိစံချိန်တင်ခဲ့ခြင်းလည်းဖြစ်ပါတယ်။



ယခုဘောလုံးရာသီမှာ ဆန်းဒါးလန်းအသင်းအပြင် အာဆင်နယ်အသင်း၊ ဘရိုက်တန်အသင်း၊ ဘုန်းမောက်အသင်းနဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းတို့ဟာလည်း အိမ်ကွင်းရှုံးပွဲမရှိစံချိန်တင်ထားတာဖြစ်ပါတယ်။

ဆန်းဒါးလန်းအသင်းဟာ လက်ရှိပရီမီယာလိဂ်ပွဲစဉ်(၁၃)ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၂၂ မှတ်စုဆောင်းနိုင်ခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၆)နေရာမှာ ယာယီရပ်တည်နေတာဖြစ်ပါတယ်။


**ကြော်ငြာစာ**

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၅)၊ ဦးပိုင်အမှတ်-၂၉/၂(ခဲစင်း)၊ ရှမ်းကလေးကျွန်း၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အားချထားပေးခြင်းခံရသော Mandalay Business Capital Development.Ltd ၏ (ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ)ဦးသန်းထိုက်စံ[၁၂/ခရန(နိုင်)၀၀၁၉၃၈] က အမှုတွဲအမှတ်(၃၈၂၁/၂၀၂၅-၂၀၂၆)ဖြင့်ဂရန်သစ်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**


## လာဇီယိုအသင်းကို အနိုင်ရပြီး အေစီမီလန်အသင်း စီးရီးအေအမှတ်ပေးဇယားထိပ် ယာယီတက်လှမ်း

အေစီမီလန်အသင်းနဲ့ လာဇီယိုအသင်းတို့ နိုဝင်ဘာ ၂၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီစီးရီးအေပွဲစဉ်(၁၃)မှာ အေစီမီလန်အသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အေစီမီလန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒုတိယပိုင်းပွဲကစားချိန် ၅၁ မိနစ်မှာ ရာဖေးလ်လီအိုက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ အေစီမီလန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးခဲ့တဲ့ ရာဖေးလ်လီအိုဟာ ယခုဘောလုံးရာသီမှာ အေစီမီလန်အသင်းနဲ့အတူ စီးရီးအေသွင်းဂိုးငါးဂိုးအထိရှိလာခဲ့တာဖြစ်ပါတယ်။

အေစီမီလန်အသင်းဟာ လာဇီယိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ရိုးမားအသင်း၊ နာပိုလီအသင်း၊ အင်တာမီလန်အသင်းနဲ့ ဘိုလော့ဂ်နာအသင်းတို့ ပွဲစဉ်(၁၂)မကစားရသေးမီမှာ အမှတ်ပေးဇယားထိပ်မှာ ယာယီဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

လာဇီယိုအသင်းကတော့ အေစီမီလန်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် စီးရီးအေပွဲစဉ်(၁၃)ပွဲပါဝင်ကစားပြီးချိန်မှာ အမှတ်ပေးဇယားအဆင့်(၈) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြယ် - စုစည်းရေးသားသည်



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးသုတေသနဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ မွေးမြူရေးသုတေသနစခန်းများ၌ လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် သတ်မှတ်ပညာအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက် ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | ပညာအရည်အချင်း | လစ်လပ်နေရာ |
|---|---|---|---|
| ၁။ | ဒုတိယလက်ထောက်ဦးစီးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ/ စိုက်/မွေးဒီပလိုမာရရှိသူ/ ငါးလုပ်ငန်းနှင့်ရေသတ္တဝါဆိုင်ရာ ဒီပလိုမာရရှိသူ/ အင်ဂျင်နီယာဒီပလိုမာ ရရှိသူ/ | (၅) နေရာ |
| ၂။ | သုတေသနလက်ထောက်(၄) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ/ စိုက်/မွေးဒီပလိုမာရရှိသူ/ ငါးလုပ်ငန်းနှင့်ရေသတ္တဝါဆိုင်ရာ ဒီပလိုမာရရှိသူ/ | (၄) နေရာ |
| ၃။ | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ | (၃) နေရာ |
| | | **စုစုပေါင်း** | **(၁၂)နေရာ** |

၂။ အပိုဒ် ၁ ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည် -
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ဒုတိယလက်ထောက်ဦးစီးမှူး၊ သုတေသနလက်ထောက်(၄) နှင့် အငယ်တန်းစာရေး ရာထူးနေရာများအတွက် လျှောက်ထားသူများသည် ၃၁-၁၀-၂၀၂၅ ရက်တွင် အသက်(၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) မဟာဘွဲ့ရပြီးသူများအတွက် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) ကျန်းမာရေးကောင်းမွန်ပြီး အကျင့်စာရိတ္တကောင်းသူ ဖြစ်ရမည်။ နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဒေသခံ ဦးစားပေးမည်။
(င) သတ်မှတ်ပညာအရည်အချင်းနှင့်ကိုက်ညီသဖြင့် လစာနှုန်းတူ ရာထူးနေရာတစ်ခုထက်ပို၍ လျှောက်ထားပါက ပထမဦးစားပေးသည့် ရာထူး၊ ဒုတိယဦးစားပေးသည့်ရာထူးတို့ဖြင့် လျှောက်လွှာတွင် ခွဲခြားဖော်ပြ၍ လျှောက်ထားနိုင်ပါသည်။
(စ) အစိုးရဌာနတစ်ခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်း အမိန့်စာမှ ပယ်ဖျက်ခံရသူများ၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေမှုမရှိသော နိုင်ငံ့ဝန်ထမ်း(Disloyalty Civil Servant-DCS)များ လျှောက်ထားခွင့်မရှိပါ။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို မွေးမြူရေးသုတေသနဦးစီးဌာန (ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ မွေးမြူရေးသုတေသနစခန်းများ၌ ရယူနိုင်သည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပါရှိရမည်-
(က) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(ခ) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ။
(ဂ) (၁)လအတွင်း ရိုက်ကူးထားသော နောက်ခံအပြာရောင် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ (နောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားဖော်ပြရန်)။
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၂)လအတွင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းမှ ထောက်ခံထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှု မှုခင်းကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။
(င) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်/တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်းဖြေဆိုသည့်အခါ အောင်လက်မှတ်မူရင်း တင်ပြရန်)။
(စ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ။
(ဆ) ဒေသန္တရကျန်းမာရေးအဖွဲ့၏ ကျန်းမာကြောင်း ထောက်ခံချက်မူရင်း။
(ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။
(ဈ) ဒုတိယလက်ထောက်ဦးစီးမှူး၊ သုတေသနလက်ထောက်(၄)၊ အငယ်တန်းစာရေး၊ ရာထူးများအတွက် ဤဦးစီးဌာနတွင် အနည်းဆုံး(၃)နှစ် အမှုထမ်းဆောင်နိုင်ကြောင်းနှင့် တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက ဌာနမှသတ်မှတ်ထားသည့် လျော်ကြေးငွေကို တစ်လုံးတစ်ခဲတည်း ပေးလျော်မည်ဖြစ်ကြောင်း ကိုယ်တိုင်ရေးဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

၅။ လျှောက်လွှာများကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးသုတေသနဦးစီးဌာန(ရုံးချုပ်)သို့ ၁-၁-၂၀၂၆ ရက်အရောက် နောက်ဆုံးထား၍ ပေးပို့ရမည်။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များပါဝင်သော အရည်အချင်းစစ်ဆေးခြင်း ရေးဖြေစာမေးပွဲ (၂)နာရီမေးခွန်းကို နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းရှိ မွေးမြူရေးသုတသနဦးစီးဌာန(ရုံးချုပ်)၌ ဖြေဆိုရမည်ဖြစ်သည်။ ယင်းရာထူးများအတွက် ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူရမည့်နေ့ရက်နှင့် ဖြေဆိုမည့်နေရာအား ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ မွေးမြူရေးသုတေသနစခန်းတို့မှတစ်ဆင့် ကြိုတင်အသိပေး အကြောင်းကြားမည်ဖြစ်ပါသည်။

၇။ ရေးဖြေအောင်မြင်သူများကို လူတွေ့စစ်ဆေးမည့် အစီအစဉ်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အချိန်မီမရောက်ရှိသော၊ အချက်အလက်ပြည့်စုံမှန်ကန်မှုမရှိသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိစုံစမ်းလိုပါက မွေးမြူရေးသုတေသနဦးစီးဌာန(ရုံးချုပ်)၊ ဝန်ထမ်းရေးရာဌာနစိတ်၊ အီးမေးလ် **staffdlar7777@gmail.com** သို့လည်းကောင်း၊ တယ်လီဖုန်းအမှတ်-၀၆၇-၃၄၃၁၆၅၄၄ နှင့် လက်ကိုင်ဖုန်း၊ ၀၉-၅၀၄၄၁၅၂ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မွေးမြူရေးသုတေသနဦးစီးဌာန**

## အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် အစုရှယ်ယာရှင်လူကြီးမင်းများထံသို့ အသိပေးအကြောင်းကြားခြင်း

